# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 18 July 2023 ၁၁၁၆၀


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်


၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ရာသက်ပန်ကုသိုလ်အလှူနှင့် တုနှိုင်းဖွယ်မရှိသောပီတိ

**အောင်မြတ်မင်း**

ဒီနှစ်က ဝါထပ်သောနှစ်ဖြစ်သည်။ ဝါတွင်းကာလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးအလေးထားသောကာလဖြစ်သည်။ ကောင်းမှုကုသိုလ်များ အခြားကာလကထက် ပိုလုပ်ဖြစ်ကြသည်။ ၁၃၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၂၃ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ထူးထူးခြားခြားဖိတ်စာတစ်စောင်လက်ခံရရှိသည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်နေသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပွဲသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားချက်ဖြစ်သည်။

ဖရဏာပီတိဂွမ်းဆီထိသလို ခံစားလိုက်ရသည်။ ဤဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်၍ စတင်တည်ထောင်စကတည်းကပင် စိတ်ဝင်စားမှုက အားကြီးလှသည်။ စကျင်ကျောက်တောင်ကနေ ရေယာဉ်နှင့် စတင်ပင့်ဆောင်ကတည်းက စကျင်ကျောက်တုံးကြီး၏ အရွယ်ပမာဏကိုကြည့်ပြီး အံ့သြရသည်။ ဒါတောင် အစိတ်အပိုင်းပဲ ရှိသေးသည်ဆိုသည့်အတွက် တည်ထားပြီးစီးပါက ဖြစ်ပေါ်လာမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ခမ်းနားထည်ဝါမှုကို အတွေးနယ်ချဲ့ရင်း မြင်ယောင် ခံစားမိပါသည်။ ဗုဒ္ဓရုပ်ပွားတော်ကြီး ဘယ်လောက်တောင်ကြီးမှာလဲ။ ရေလမ်းမှာတောင် ဒီလောက်ကြီးတာ ကုန်းလမ်းကဘယ်လို သယ်မှာလဲ... သိချင်သည်။ သယ်ယူပို့ဆောင်နေသည့်ကာလတွင် ၎င်းသတင်းကိုဖော်ပြသည်မှာ မြဝတီရုပ်မြင်သံကြား ချန်နယ်သာရှိသည့်အတွက် တခုတ်တရကြည့်မိသည်။ ပြီးတော့လည်း စီးပွားရေးလုပ်ငန်းရှင် ပီပီ မိမိစီးပွားရေးမှာ နစ်မျောသွားပြန်သည်။

ထပ်ပြီးသတိထားမိတာက စေတီတော်ကြီးကို CNC Machine များနှင့်ထုဆစ်ပြီး တွဲဆက်ချိန်ဖြစ်သည်။ မြန်မာအင်ဂျင်နီယာတွေ ဒီလောက်တောင်စွမ်းသလား။ သိပ်တော့မယုံချင်။ သတင်းတွေကြည့်၊ မေးမြန်းကြည့်တော့ ဟုတ်နေသည်။ မှတ်မှတ်ရရ ဘုရားကြီးကို ဥာပနာသွင်းတော့

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❂

ယနေ့ ဖတ်စရာ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး**

စာမျက်နှာ » ၃

**ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်**

စာမျက်နှာ » ၄

**ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူး ရောင်းချရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ**

စာမျက်နှာ » ၁၀

ကြေးမုံ

# အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းချက်

မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်၌ နှစ်ပေါင်းတစ်ရာကျော် ကျွန်ဘဝ ရောက်ခဲ့သည်။ သူ့ကျွန်ဘဝတွင် အခြယ်လှယ်ခံ၊ အဖိနှိပ်ခံ၊ သွေးစုပ်ခံဘဝဖြင့် နေခဲ့ရသည်။ သူ့ကျွန်မခံလိုသော မြန်မာတို့သည် နယ်ချဲ့တို့ကို အသက်သွေးချွေး တို့ဖြင့်ရင်းနှီးကာ နည်းမျိုးစုံဖြင့် တော်လှန်ခဲ့ကြသည်။ တော်လှန်ခဲ့သော သမိုင်းစဉ် တွင် အာဇာနည်ခေါင်းဆောင်များပေါ်ထွန်းခဲ့သည့်အနက် နိုင်ငံအတွက် ဂုဏ်ပြု မှတ်ကျောက်တင်ထားသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို သတိရဂုဏ်ပြု သည့်နေ့သို့ ရောက်ရှိလာပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အထိမ်းအမှတ် နေ့ထူးနေ့ရက်အဖြစ် လွတ်လပ် ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ အာဇာနည်နေ့ဟူ၍ သတ်မှတ်ထားသည်။ ထိုနေ့ရက်လေးရက်သည် မြန်မာ့သမိုင်းတွင် ပျောက်ပျက်မေ့မှိန်မသွားသည့် တစ်တိုင်းပြည်လုံးနှင့်သက်ဆိုင်သော နေ့ထူးနေ့ရက်များဖြစ်သည်။ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်သက်ဆိုင်သည့် အထင်ကရနေ့ကြီးရက်ကြီးများ ဖြစ်ပေါ်လာရခြင်း အကြောင်းများတွင် အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ် အောင်ဆန်း၏ တိုင်းပြည်နှင့် လူမျိုးအတွက် ကိုယ်ကျိုးစွန့်လွှတ် ပေးဆပ်ဆောင်ရွက် မှုများမှာ ယနေ့ထက်တိုင် မမေ့နိုင်စရာဖြစ်သည်။ ကမ္ဘာတည်သရွေ့ မေ့နိုင်မည် မဟုတ်ပြီ။

အနှစ်တစ်ရာကျော်နေခဲ့ရသည့် သူ့ကျွန်ဘဝမှ တစ်တိုင်းပြည်လုံး လွတ်လပ် သောနိုင်ငံအဖြစ်သို့ရောက်အောင်၊ ကွဲပြားနေသော တိုင်းရင်းသားလူမျိုးအားလုံးကို တစည်းတလုံးတည်းဖြစ်အောင်၊ လွတ်လပ်သောနိုင်ငံအဖြစ် ထည်ဝါစွာရပ်တည် နေထိုင်နိုင်အောင် ကိုယ်ကျိုးမဖက်၊ အသက်ကိုပဓာနမထား၊ စွန့်လွှတ်စွန့်စား ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်များသည် ၎င်းတို့ကြိုးပမ်း အားထုတ်ခဲ့သည့် လွတ်လပ်ရေးပန်းတိုင်သို့ ရောက်လုလုတွင် မသမာသူလူသတ် သမားများ၏လက်ချက်ဖြင့် ကျဆုံးခဲ့ရရှာလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ၏ နိုင်ငံတော်အပေါ် တာဝန်သိသိ သစ္စာရှိရှိဖြင့် ကိုယ်ကျိုးမဖက် အသက်ကိုပဓာနမထားဘဲ ကြိုးပမ်း အားထုတ်ခဲ့သည့်ကျေးဇူးကြောင့် ယနေ့ထက်တိုင် လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်ကာ လွတ်လပ်စွာနေနိုင်ကြပေသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုများကား မြန်မာပြည်သူ ပြည်သားများအဖို့ ကမ္ဘာတည်သရွေ့ မမေ့နိုင်စရာဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့သည် ယခု ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် (၇၆)နှစ်တိုင်ရှိပြီဖြစ်သည်။ ယနေ့ထက်တိုင် အာဇာနည် ခေါင်းဆောင်ကြီးများကို မမေ့နိုင်သေးပေ။ နောင်အနှစ်တစ်ရာ၊ အနှစ်တစ်ထောင် တိုင်အောင် မမေ့နိုင်ဘဲ သတိရနေကြမည်ဖြစ်သည်။

မြန်မာပြည်သူပြည်သားအားလုံးတို့သည် ဇူလိုင်လသို့ရောက်လေတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို သတိရကြသည်။ ဝမ်းနည်းကြေကွဲခံစားကြရသည်။ သို့သော် မြန်မာပြည်သူ ပြည်သားများအဖို့ ဤသို့ လွမ်းဆွတ်နေရုံ၊ ခံစားနေရုံဖြင့် မပြီးသေးပေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် လူ့ဘောင်လောကကို တည်ဆောက်နိုင်မှသာ အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုရာ၊ သစ္စာ စောင့်သိရာ၊ ကျေးဇူးဆပ်ရာရောက်မည်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ကျင့်တရား၊ စံနမူနာယူစရာကြိုးပမ်းအားထုတ်မှု များကို အနာဂတ်မျိုးဆက်သစ်များ ဂုဏ်ယူဖွယ် အတုယူအားကျစိတ်များ မွေးမြူ နိုင်အောင် ဖော်ဆောင်ကြရမည်ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ယူသတိရကျေးဇူး တုံ့ပြန်ဆပ်လိုပါလျှင် ဗိုလ်ချုပ်လမ်းညွှန်မှာကြားခဲ့သော လုပ်ငန်းစဉ်များ၊ တိုင်းကျိုး ပြည်ကျိုးလုပ်ငန်းများကို တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပါဝင်အကောင်အထည် ဖော်ကြရမည်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ အသက်စွန့်ကြိုးပမ်း ရယူပေးခဲ့သော လွတ်လပ်ရေးနှင့် နိုင်ငံအချုပ်အခြာအာဏာ... 

အာဇာနည်ခေါင်းဆောင်ကြီးများ အသက်စွန့်ကြိုးပမ်း ရယူပေးခဲ့သော လွတ်လပ်ရေးနှင့် နိုင်ငံအခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး သာယာဝပြောသည့် လူ့ဘောင် သစ်တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များဖြစ်သည့် ပြည်သူ တို့၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း ရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက် ရှိပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်ကချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များသည် နိုင်ငံတော် နှင့် ပြည်သူများအကျိုးစီးပွားကို ရှေးရှုထားသည်ဖြစ်၍ ယင်းတို့ကို အောင်မြင်အောင် ဝိုင်းဝန်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးရာရောက်မည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်(၂) ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Certificate in Entrepreneurship and Business Management (Batch III) ဖွင့်လှစ်မည်

**သန်လျင် ဇူလိုင် ၁၇**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများကို သိရှိစေရန်၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများကို တတ်သိနားလည်ပြီး အသုံးချနိုင်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ စွန့်ဦးတီထွင်မှုနှင့် စီးပွားရေးစီမံခန့်ခွဲမှုပညာအသိ မှတ်ပြုလက်မှတ်သင်တန်း Certificate in Entrepreneurship and Business Management (Batch I) ကို ၁၂-၅-၂၀၂၂ ရက်မှ ၁၂-၈-၂၀၂၂ ရက်အထိလည်းကောင်း၊ (Batch II) ကို ၁၅-၂-၂၀၂၃ ရက်မှ ၁၅-၅-၂၀၂၃ ရက်အထိလည်းကောင်း Free Online Certificate Course အဖြစ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယခုဆက်လက်၍ Certificate in Entrepreneurship and Business Management (Batch III) ကို Free Online Certificate Course အဖြစ် ၅-၈-၂၀၂၃ ရက်မှ ၂၂-၁၀-၂၀၂၃ ရက်အထိ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖွင့်လှစ်ပို့ချ သင်ကြားသွားမည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသူများအနေဖြင့် https://forms.gle/xWXHcaHbynxYq3eZA Link မှတစ်ဆင့် Google Form တွင် ဖြည့်စွက်ပြီး ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## အုတ်ဖိုမြို့၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ



**အုတ်ဖို ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများကို မြို့နယ်အတွင်းရှိ အခြေခံပညာ ထက်၊ လယ်၊ မူကျောင်း အသီးသီးတွင် ဇူလိုင်လ ဒုတိယပတ် အတွင်း ကျင်းပခဲ့သည်။

ပြိုင်ပွဲများတွင် အုတ်ဖိုမြို့နယ် အတွင်းရှိ ထက်၊ လယ်၊ မူကျောင်းပေါင်း ၁၇၈ ကျောင်းမှ ကျောင်းသား ကျောင်းသူ များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စာစီစာကုံး ပြိုင်ပွဲ၌ မူလတန်းအဆင့်တွင် တို့များ မမေ့နိုင် ၁၉ ဇူလိုင်၊ အလယ်တန်းအဆင့် တွင် မမေ့စဉ်လာအာဇာနည်နေ့ အချိန် အခါ၊ အထက်တန်းအဆင့်တွင် လေးမြတ် ဂုဏ်ရည် အာဇာနည်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကဗျာပြိုင်ပွဲ၌ အလယ် တန်းအဆင့်တွင် အာဇာနည်မြတ် မမေ့ အပ်၊ အထက်တန်းအဆင့်တွင် သမိုင်းမော်ကွန်းတည်ကိုးဦး အာဇာနည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆောင်းပါး ပြိုင်ပွဲ၌ အထက်တန်းအဆင့်တွင် အာဇာနည်နေ့နှင့် အမျိုးသားရေးတာဝန် ခေါင်းစဉ်တို့ဖြင့် ယှဉ်ပြိုင်စေခဲ့ကြကြောင်း သိရသည်။

**အောင်သူ (ပြန်/ဆက်)**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၇-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၀၀၀ | ၁,၂၀၂ | ၉,၆၇၇,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၀၀ | ၆,၀၈၇ | ၁၇,၀၄၇,၃၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၁ | ၇,၃၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၄,၀၀၀ | ၆,၁၀၀,၀၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၆ | ၁၄,၇၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၅ | ၁၂,၂၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၃၅,၅၆၇ | ၆၁,၇၅၉,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။





**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ် အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာ အောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ ယခုနှစ်တွင် စတုတ္ထအကြိမ်မြောက် ရောက်ရှိပြီဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အစွမ်းအစများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုအသင်း အောင်နိုင်ရေးအတွက် အနိုင်မခံအရှုံးမပေး ဇွဲ၊ စိတ်ဓာတ် အပြည့်ဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြစေလိုကြောင်း၊ အားကစားသမား အချင်းချင်း ချစ်ခင်ရင်းနှီးစွာ ပြောဆိုနေထိုင်ဆက်ဆံပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်ပြသကြစေလိုကြောင်း၊ ပြိုင်ပွဲတွင် တာဝန်ယူဆောင်ရွက်ပေးကြမည့် ဒိုင်လူကြီးများ အနေဖြင့်လည်း တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ ယခုပြိုင်ပွဲများမှ တစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစား လေ့ကျင့်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ယနေ့ပွဲစဉ်များအဖြစ် အမျိုးသားနှစ်ယောက်တွဲ(အပြ) ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း(အတိုက်) ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

**ပူးပေါင်းကျင်းပ**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဗိုဗီနမ် အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ ဗိုဗီနမ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ဗိုဗီနမ်အားကစားနည်းကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားကစားခြင်းဖြင့် မြန်မာနိုင်ငံ၏ ဗိုဗီနမ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပပေးခြင်းဖြစ်သည်။

**အခမဲ့လာရောက်ကြည့်ရှုနိုင်**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှ ၂၀ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း၊ အားကစားသမား စုစုပေါင်း ၂၂၁ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ(အင်းစိန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်) မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ စက်ရုံမှူးက မြွေဆိပ်ဖြေဆေး အေးခဲအခြောက်ခံ စက်တပ်ဆင်ပြီးစီးမှုနှင့် စက်စမ်းသပ်လည်ပတ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီးက မြွေဆိပ်ဖြေဆေး အေးခဲအခြောက်ခံစက်ကို သတ်မှတ်ထားသည့်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်ရန်၊ စက်တပ်ဆင်ခြင်း၊ စမ်းသပ်လည်ပတ်ခြင်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိအောင်ဆောင်ရွက်ရန်၊ မြွေဆိပ်ဖြေဆေးအေးခဲအခြောက်ခံစက်ကို ကျွမ်းကျင်စွာ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင် အသုံးပြုနိုင်ရန်နှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရန်နှင့် နည်းပညာလွှဲပြောင်းရယူနိုင်ရေးဆောင်ရွက်ရန် မှာကြားပြီး အေးခဲအခြောက်ခံစက် အထိုင်ချတပ်ဆင်ပြီးစီးမှုနှင့် မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်နေသည့် လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်သူလူထုအတွက် လိုအပ်သောဆေးဝါးများကို ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်မှုစီမံခန့်ခွဲမှုစနစ်(Production Management System)နှင့် ထုတ်လုပ်မှုစီမံခန့်ခွဲမှုအစီအမံ(Production Management Plan)တို့ကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲစီမံဆောင်ရွက်ရန်၊ ထိုသို့ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့် လူ၊ စက်ပစ္စည်း၊ ကုန်ကြမ်း၊ နည်းစဉ်၊ အရည်အသွေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန်မှာကြားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသည့် ဝန်ထမ်းများ၏ မေးမြန်းချက်များကို အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ(အင်းစိန်)၏ စက်ရုံအထိမ်းအမှတ်ပြခန်း တည်ဆောက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကူမဲမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း သင်တန်းဖွင့်လှစ်

**မြစ်သား ဇူလိုင် ၁၇**

မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်းတွင် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုးသားဖောက်ခြင်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက အဆိုပါငါးလုပ်ငန်းစခန်း သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မျိုးငါးများထိန်းသိမ်းခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်း၊ ငါးမှုံငါးသန်ပြုစုခြင်း၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)ဆိုင်ရာ လိုက်နာရမည့်အချက်များနှင့် ပတ်သက်၍ စခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဒုတိယဦးစီးမှူး ဒေါ်ကေသီရွှေတို့က စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပြီး သင်တန်းသို့ ကျောက်ဆည်တက္ကသိုလ်သတ္တဗေဒဌာနမှ ဆရာ ဆရာမ ၁၁ ဦး၊ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူ ၇၉ ဦး၊ စုစုပေါင်း ၉၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၇**

ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းဘုရင့်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်(ဒ်)ဝီနိုင်း၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့ ကျင်းပသည့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။



**တက်ရောက်**

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအေကေ အဗ္ဗဒူလ် မိုမန်၊ ဘူတန်နိုင်ငံခြားရေးနှင့် ပြည်ပကုန်သွယ်ရေးဝန်ကြီး ဒေါက်တာတန်ဒီဒေါ်ဂျီ၊ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ၊ နီပေါနိုင်ငံခြားရေးဝန်ကြီး မစ္စတာ နာရာရန် ပရာကက်ရှ်ဆော့ဒ်၊ သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအလီဆာဘရီ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်(ဒ်)ဝီနိုင်းနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် မစ္စတာ တန်ဇင်လက်ခ်ဖဲလ်တို့ ပါဝင်တက်ရောက်ကြသည်။

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



နိုင်ငံခြားရေးဝန်ကြီးများသည် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် ပြင်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဘင်းမ်စတက် အနာဂတ်ဦးတည်ချက်များဆိုင်ရာ ထင်ပေါ်ကျော်ကြား ပညာရှင်များအဖွဲ့ ဖွဲ့စည်းထူထောင်ရေးနှင့် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများ ကျင်းပရေးတို့အပေါ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များကို ဆွေးနွေးရာတွင် ကပ်ရောဂါ၊ ငွေကြေးအကျပ်အတည်း၊ သဘာဝဘေးအန္တရာယ်တို့နှင့် ရင်ဆိုင်တွေ့ကြုံရပါက ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ ကိုဗစ်-၁၉ အလွန် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားသော ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စများဖြစ်သည့် နိုင်ငံဖြတ်ကျော်ငွေပေးချေရေးစနစ် ထူထောင်ရေး၊ ကျန်းမာရေး၊ စွမ်းအင်နှင့် စားနပ်ရိက္ခာဖူလုံရေးတို့ကို ထည့်သွင်းဆွေးနွေးကြသည်။

သီးသန့်အစည်းအဝေးအပြီးတွင် ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံက ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာယုဒ် ချန်အိုချာနှင့် စုပေါင်းတွေ့ဆုံကြသည်။

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ဘင်းမ်စတက် အတွင်းရေးမှူးချုပ် မစ္စတာ တန်ဇင်လက်ခ်ဖဲလ် က ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။

အတွင်းရေးမှူးချုပ်နှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဘင်းမ်စတက် ပဋိညာဉ် (BIMSTEC Charter) အား မြန်မာနိုင်ငံက အတည်ပြုပါဝင်ခဲ့သည့် စာလွှာ (မူရင်း) ကို အတွင်းရေးမှူးချုပ်ထံ ကိုယ်တိုင်အပ်နှံခဲ့သည်။ မြန်မာနိုင်ငံသည် ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များအတိုင်း ဘင်းမ်စတက်ပဋိညာဉ်အား အတည်ပြုပါဝင်ခဲ့ပြီးဖြစ်သည်။

ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး မကျင်းပမီ ဇူလိုင် ၁၆ ရက် ညနေပိုင်းတွင် ဘင်းမ်စတက် လက်ရှိအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်(ဒ်)ဝီနိုင်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အခြားသော ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Bay of Bengal Initiatives for Multi–Sectoral Technical and Economic Cooperation – BIMSTEC) သည် ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ဒေသတွင်း အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်း စသည့်အဖွဲ့ဝင် ခုနစ်နိုင်ငံ ပါဝင်သည်။

ဘင်္ဂလားပင်လယ်အော် ဒေသတွင်းနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဘင်းမ်စတက်၏ လက်ရှိပူးပေါင်းဆောင်ရွက်မှု ကဏ္ဍခုနစ်ခုရှိသည့်အနက် မြန်မာနိုင်ငံသည် **“လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ”** ၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၁၂) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအေကေ အဗ္ဗဒူလ် မိုမန်နှင့်လည်းကောင်း၊ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလီဆာဘရီနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အထူးသဖြင့် ပညာရေး၊ သတင်းအချက်အလက်နည်းပညာ၊ ငွေကြေးကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအေကေ အဗ္ဗဒူလ် မိုမန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလီဆာဘရီနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဗိုလ်ချုပ်ပြတိုက်နှင့် အတွင်းဝန်ရုံး ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၇



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများ ဗိုလ်ချုပ်နေအိမ်ပြတိုက်အတွင်း ပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ပြင်ဆင်ရေးနှင့် စီစဉ်ရေး ဆပ်ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဇာနည်ဗိမာန်သို့သွားရာ လမ်းတစ်လျှောက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ အာဇာနည်ခေါင်းဆောင်ကြီးများကို လာရောက်ဂါရဝပြုမည့် ပြည်သူများ ဝင်ထွက်သွားလာမည့် ဂိတ်များတွင် ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ စစ်ဆေးရေးဂိတ်များ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဗဟန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ရောက်ရှိပြီး ဗိုလ်ချုပ်နှင့်ပတ်သက်သည့် သမိုင်းအကြောင်းအရာများကို မြန်မာဘာသာဖြင့် ကြည့်ရှုလေ့လာနိုင်ရန် ဆောင်ရွက်ထားရှိသည့် Touch Screen စီစဉ်ထားရှိမှု၊ ပြတိုက်အတွင်း ပြသထားရှိမှုများနှင့် ဗိုလ်ချုပ်ကိုယ်တိုင် စိုက်ပျိုးသည့် စိုက်ခင်းနှင့် ရေကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၏ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး၌ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်ခြင်း၊ အလှူဒါနပြုအမျှပေးဝေခြင်း အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ်၊ အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သဘင်အစည်းအရုံးကို နိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၅ ခုနှစ် မေ ၃ ရက်တွင်သဘင်ပညာရှင်ကြီးများက "မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)" အဖြစ် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယခုဆိုလျှင် နှစ်ပေါင်း ၈၃ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ သဘင်ပညာရှင်များအနေဖြင့် ဖျော်ဖြေရေးအပြင် ရိုးရာသဘင်မှုပညာရပ်များကို ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား တိုးမြှင့်ရေးတို့ကိုပါ အချိုးညီညီ ပေါင်းစပ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သမျှ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံသဘင်အစည်းအရုံးအနေဖြင့် သဘင်အနုပညာရှင်များ၏ အကျိုးကိုရှေးရှု၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အသိပေးနှိုးဆော်ချက်

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား အင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့်ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၃ ခုနှစ် ဇူလိုင် ၁၉ ရက် (ဗုဒ္ဓဟူးနေ့) (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာနရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုး စာရင်း

အဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း




### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေး ကြေညာချက်

အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



❂ ရွှေဖုံးမှ

ကြည်ညိုစိတ်ပေါက်လာသည်။ ဒုတိယအကြိမ် ဌာပနာပိတ်ပွဲမှာ လှူဖြစ်ခဲ့သည်။ အလှူငွေလည်း စထည့်ဖြစ်ခဲ့သည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးချင်သည်။ တွေ့ချင်သည်။ တည်ဆောက်ဆဲကာလဆိုတော့ အထမမြောက်။

ခုတော့ဆန္ဒပြည့်ပြီ။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးရတော့မည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြင်ရတော့မည် ဆိုသည့် ဝမ်းသာစိတ်ဖြင့် နေပြည်တော်ကို ကြိုတင်ရောက်ရှိခဲ့ပါသည်။ တည်းခိုသော ဟိုတယ်ဖုန်ကနေပြီး ဘုရားကြီးဆီသို့ သွားရာလမ်းတစ်လျှောက် သစ်ပင်ပန်းမန်များနှင့် ဝေဝေဆာဆာ မြင်ကွင်းက စိတ်ချမ်းမြေ့မှုကို စတင်ပေးစွမ်းခဲ့လေပြီ။

ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှု၊ မေတ္တာတရားထားရှိမှုတို့နှင့် ပြည့်စုံသောဘာသာတရားတစ်ခုဖြစ်ပါသည်။ ထိုကဲ့သို့သော ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်ကို ကိုးကွယ်သည့်နိုင်ငံများထဲတွင် မြန်မာနိုင်ငံသည်လည်းပါဝင်ပါသည်။ ငြိမ်းချမ်းသော၊ အေးချမ်းသောဘာသာတရားတို့ကို ကိုးကွယ်မှုသည် မြန်မာနိုင်ငံ၌ ဗဟိုချက်ဖြစ်စေရေးအတွက် မြန်မာလူမျိုးတို့သည် သဒ္ဓါ၊ သီလ၊ ဘာဝနာတရားများကို ကြိုးစားအားထုတ်လျက် ရှိကြသည့်အပြင် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများကိုလည်း အားကြိုးမာန်တက် တက်ညီလက်ညီ၊ စည်းလုံးညီညွတ်စွာ တတ်နိုင်သည့် အခန်းကဏ္ဍတိုင်းမှ ဆောင်ရွက်တတ်ကြသူများဖြစ်ပါသည်။

ယခုအခါတွင်လည်း ဦးဆောင်ဘုရားဒါယကာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးစီးဦးရွက်ပြုကာ ခုနစ်ရက်သားသမီးဘုရားဒါယကာ၊ ဒါယိကာမတို့၏ စည်းလုံးညီညွတ်သောအား၊ သဒ္ဓါတရားထက်သန်မှု၊ သာသနာတော်အဓွန့်ရှည်တည်တံ့စေလိုသော စိတ်စေတနာ၊ အားကောင်းလှသော ကိုးကွယ်ယုံကြည်မှုတို့နှင့်အတူ ထည့်ဝင်လှူဒါန်းသည့် အလှူတော်ငွေများဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး ထုဆစ်ပူဇော်ခြင်းမှာ ၉၇ ရာခိုင်နှုန်း၊ ဗုဒ္ဓဥယျာဉ်တော်တည်ဆောက်မှုမှာ ၈၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ရည်ရွယ်ချက် (၄)ရပ်ဖြင့် တည်ထားကိုးကွယ်ခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးအောင်ဆောင်ရွက်ခဲ့ရသည့် ဆောင်ရွက်ခဲ့မှု အခြေအနေ၊ ယူခဲ့ရသည့်အချိန်၊ ကုသိုလ်ယူခွင့်ရခဲ့သည့် လုပ်အားဒါန၊ ဥာဏလူ့စွမ်းအားအရင်းအမြစ်၊ အုပ်ချုပ်မှုဆိုင်ရာ အထောက်အကူပစ္စည်းတို့မှာ မနည်းလှကြောင်းကို ၂၀၂၃ ခုနှစ် ဇွန်လ ၂၉ ရက်နေ့က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသခြင်းအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အသေးစိတ်ရှင်းလင်းပြသမှု ကျောက်တုံးတော်ကြီး တွေ့ရှိသည့်သမိုင်းကြောင်းမှစ၍ ယနေ့ထိတိုင် ပြီးစီးမှုအခြေအနေ သမိုင်းများကို ဂဃနဏ ပြည့်ပြည့်စုံစုံ သိရှိခဲ့ရခြင်းဖြစ်ပါသည်။ နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ကောင်းလှသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တည်ထားမှု၊ ယခုလိုအောင်မြင်အောင် ဆောင်ရွက်နိုင်မှုတို့ကြောင့် နိုင်ငံတော်အကြီးအကဲနှင့် ပါဝင်ဆောင်ရွက်သူအားလုံးကို စာရေးသူစိတ်ထဲမှာ ချီးကျူးမဆုံးလည်း ဖြစ်ရပါသည်။ တက်ရောက်လာကြသူများတွင် သာသနာနုဂ္ဂဟအဖွဲ့ဝင် ပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည်ကို တွေ့ရှိရပါသည်။

**စတင်တွေ့ရှိမှု**

၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၂၀၁၃ ခုနှစ်တွင် Angelo Mining Co., Ltd မှ ၎င်းထံသို့ လှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးအား တပ်မတော်မှ ဦးဆောင်ပြီး ဘုရားတည်ထားရန် လွှဲအပ်ချက်အရ တပ်မတော်က အောက်တိုဘာလမှ စတင်၍ လှေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ စကျင်ကျောက်တော်ကြီးမှ ထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာအဆာ အခြေအနေများကို သိရှိနိုင်ရန် ကျောက်တော်ကြီးအား တူးဖော်၍ X-Ray ရိုက် စမ်းသပ်စစ်ဆေးခဲ့ကြောင်း၊ ထွက်ပေါ်လာသည့် ကျောက်တုံးတော်ကြီးကို အကြမ်းထည်ပုံဖော်ကြည့်ရှုရာတွင် ဉာဏ်တော် ၆၅ ပေ ထွက်ရှိနိုင်သည်ကို တွက်ချက်ရရှိခဲ့ပြီး အချို့ကျောက်သားများနေရာတွင် လိုအပ်ချက်တွေရှိနေသောကြောင့်ကျောက်သားများ ထပ်မံထည့်သွင်းရန် စီစဉ်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

**ရတနာပုံခေတ်ဘူမိဖသယပုံစံ တည်ထားရခြင်း ရည်ရွယ်ချက်**

အထက်ပါ တင်ပြခဲ့ပြီးသော ရည်ရွယ်ချက်(၄)ရပ်နှင့်အညီ တည်ဆောက်ခဲ့သည်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံမှ ဩဝါဒခံယူခဲ့ပြီး ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များ ပြည့်စုံစွာဖြင့် စီမံတည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဆုံးရှုံးခဲ့သောလွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်မှသာ ပြန်ရရှိခဲ့ပြီး ထိုကာလများအတွင်း ပျက်စီးသွားခဲ့ရသည့် ယဉ်ကျေးမှုအမွေအနှစ်များအတွက် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကို ရယူရန်အလို့ငှာ ဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီ ခေတ်အလိုက် တည်ထားဆောင်ရွက်ခဲ့သော ရုပ်ပွားတော်များအနက် အသင့်လျော်ဆုံးဖြစ်မည့် ရတနာပုံခေတ်ဟန် ဘူမိဖသယပုံစံဖြင့် တည်ထားနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာ မြန်မာတို့ ရွှေထီးဆောင်းစဉ်အခါက ရတနာပုံခေတ်ဟန်ကို အသုံးပြုဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားလက်ထက်က မြန်မာတို့အနေဖြင့် ဘုန်းမီးနေလ ထွန်းတောက်ခဲ့ပြီး အမျိုး၊ ဘာသာ၊ သာသနာကို မြှင့်တင်နိုင်ခဲ့သည့် ရှေးမြန်မာမင်းဆက်တို့၏ တိမ်မြုပ်ခဲ့ရသော အစဉ်အလာကောင်းများကို ပြန်လည်ဖော်ထုတ်လက်ဆင့်ကမ်းနိုင်ရန် တစ်နည်းအားဖြင့် ကိုလိုနီလက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့ဟန်၊ မြန်မာ့ဇာတိမာန်နှင့် သာသနာ့အမွေတို့ကို တစုတစည်းတည်း ပြန်လည်ပေါ်ထွန်းလာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ **“မာရဝိဇယ”** ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိခွင့်ရခဲ့ပါသည်။

**ပင့်ဆောင်ပုံလမ်းကြောင်းအဆင့်ဆင့်**

ဆင်းတုတော်အကြမ်းထည် စကျင်ကျောက်တုံးတော်ကြီးအား နေပြည်တော်သို့ စတင်ပင့်ဆောင်ရေး စီမံရာတွင် ထုထည်ပမာဏ ကြီးမားသောကြောင့် မူလဉာဏ်တော်အမြင့်ကို မထိခိုက်စေဘဲ အစိတ်အပိုင်း လေးပိုင်း ခွဲ၍လည်းကောင်း၊ ပလ္လင်တော်ကို အစိတ်အပိုင်း ငါးပိုင်း ခွဲ၍လည်းကောင်း အပိုင်းလိုက်ဖြတ်တောက် သယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း၊ ကျောက်တုံးတော်များအား ပင့်ဆောင်ရာတွင် စကျင်တောင်မှ နေပြည်တော်သို့ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် အဆင့်ဆင့် ပင့်ဆောင်ခဲ့ရကြောင်း ရင်သပ်ရှုမောဖွယ် သိရှိခဲ့ရပါသည်။

စကျင်တောင်မှ မြောင်းမြစ်အထိ အကျယ်ထိပ်ဝ ပေ ၁၂၀၊ အောက်ခြေ ပေ ၉၀၊ တာပေါင်အမြင့် ပေ ၄၀ ရှိ တူးမြောင်းဖောက်လုပ်၍ ၎င်းမှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းအတိုင်း မြင်းခြံမြို့နယ်ရှိ ဆီမီးခုံဆိပ်ကမ်းသို့ ပထမအဆင့် ပင့်ဆောင်ခဲ့ရပြီး စကျင်ကျောက်တော်ကြီး ရေကြောင်းမှသယ်ယူပို့ဆောင်ရေးခရီးစဉ် အစမှ အဆုံး ၁၁-၆-၂၀၂၀ ရက်နေ့မှ ၂၃-၉-၂၀၂၀ ရက်နေ့အထိ ရက်ပေါင်း ၁၀၅ ရက်ကြာမြင့်ခဲ့ကြောင်း၊ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအပိုင်း အကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာ သယ်ယူနိုင်ရေး ၂၂ မိုင် ၅ ဖာလုံ အရှည်ရှိသော လမ်းကိုဖောက်လုပ်ခဲ့ရပြီး ၂၅-၁-၂၀၂၁ ရက်နေ့မှစ၍ မန္တလေး-ရန်ကုန် အမြန်လမ်းမကြီးအတိုင်း Modular Trailer များဖြင့် ယခု တည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော်နေရာသို့ အဆင့်ဆင့် ပင့်ဆောင်ခဲ့ရကြောင်း၊ ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ၇ ခေါက်၊ တန်ချိန် အားဖြင့် ၇၆၃၂ တန်ကို သယ်ယူခဲ့ရပြီး ကျောက်တုံးတော်ကြီးများ ပင့်ဆောင်ပြီးစီးချိန်တွင် ဖောက်လုပ်ခဲ့သည့် တူးမြောင်းနေရာကို မြေပြန်လည်ဖို့ခြင်းနှင့် အမြန်လမ်းမကြီးတစ်လျှောက်ရှိ ပြုပြင်ခဲ့သည့် By Pass ၈၄ နေရာနှင့် အခြားနေရာများကို မူလအတိုင်း ပြန်လည်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျောက်တုံးတော်ကြီးများ ပင့်ဆောင်မှုသည် ကမ္ဘာပေါ်တွင် ရေလမ်းခရီးအရ လည်းကောင်း၊ ကုန်းလမ်းခရီးအရ လည်းကောင်း အဝေးဆုံးဖြစ်သကဲ့သို့ အလေးချိန်အရလည်း အများဆုံးအဖြစ် စံချိန်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ယခု ဆောင်ရွက်ချက်များသည် ပြည်တွင်းအတတ်ပညာရှင်များဖြင့်သာ ဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရှိရသည့်အတွက် မြန်မာတို့၏ ထိုးထွင်းကြံဆမှုနှင့် တီထွင်လုပ်ကိုင်နိုင်စွမ်းကို မြန်မာနိုင်ငံသားတစ်ဦးပီပီ ဂုဏ်ယူစိတ်များ တဖွားဖွားပေါ်ပေါက်ခဲ့ရပါသည်။

တပ်မတော်အနေဖြင့် ယခင်အစိုးရလက်ထက်ကတည်းကပင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားခြင်းနှင့် နိုင်ငံရေးအရ အကျပ်အတည်းဖြစ်ပေါ်ခြင်း စသည့် အခြေအနေ အခက်အခဲအမျိုးမျိုးများကြားမှ ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာရောင်ဝါ ထွန်းလင်းပြန့်ပွားစေရန်၊ ပြည်သူအများ စိတ်အေးချမ်းကြည်လင်စွာနှင့် ကြည်ညိုသဒ္ဓါပွားများစေရန် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ တပ်မတော်သည် ထိုအခက်အခဲများကို မဆုတ်မနစ်ရင်ဆိုင်ကျော်လွှားကြိုးပမ်းနိုင်မှု မရှိခဲ့လျှင် စကျင်ကျောက်တောင်ရှိ မူလနေရာတွင် ကျောက်တုံးကြီးအနေဖြင့်သာ ရှိနေမည်ဖြစ်ပြီး ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုဖွယ်ကောင်းသော အထွတ်အမြတ်ထား ကိုးကွယ်ရာနှင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်ကြီး ဖြစ်လာနိုင်စရာအကြောင်းတရား ရှိမည်မဟုတ်ပေ။ ယခုအချိန်တွင်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် မြန်မာနိုင်ငံ မြန်မာလူမျိုးတို့၏ အထင်ကရ ဘုရားတစ်ဆူအဖြစ် မင်းနေပြည်တော်တွင် ခမ်းနားထည်ဝါသပ္ပာယ်စွာဖြင့် စံမြန်းတည်ရှိနေပြီဖြစ်ပါသည်။

**ရုပ်ပွားတော်မြတ်ကြီးအား ထုဆစ်ပူဇော်ပုံ အဆင့်ဆင့်**

နေပြည်တော်သို့ ရောက်ရှိလာသည့် ကျောက်တုံးတော်ကြီးများကို အဆင့်မြင့်နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံတည်ဆောက်နိုင်ရန်အတွက် Bored Piles များ ရိုက်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ချိန်တွင် နိုင်ငံခြားသာသနာပြုအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာပြီး ဆွေးနွေးစဉ်က ကျောက်တုံးတော်ကြီးကို **စာမျက်နှာ ၇ သို့ »»**



ကျောက်တုံးတော်ကြီးအား တူးမြောင်းဖောက်လုပ်၍ ရေလမ်းခရီးဖြင့် စတင်သယ်ယူပုံ။



ကျောက်တုံးတော်ကြီးအား ကုန်းလမ်းခရီးဖြင့် သယ်ဆောင်ခဲ့ပုံ။


»»» စာမျက်နှာ ၆ မှ

ပင်လယ်ရေလမ်းကြောင်းမှ သယ်ယူသွားပြီး ထုဆစ်ရန်မှာ အလွန်ခက်ခဲသည့်ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ ဆန္ဒရှိသော်ငြားလက်တွေ့လုပ်ဆောင်ရန်ခဲယဉ်းသဖြင့် ၎င်းတို့နိုင်ငံ၌သာ Plaster Statue နည်းလမ်းဖြင့် ထုလုပ်ကိုးကွယ်ရန် ဆုံးဖြတ်ခဲ့ရကြောင်း ဗဟုသုတအနေဖြင့် ကြားသိရပါသည်။ လက်တွေ့ဆောင်ရွက်ရာတွင်လည်း ပြည်ပပညာရှင်များ လုံးဝပါရှိခြင်းမရှိဘဲ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် တပ်မတော်သားအင်ဂျင်နီယာများဖြင့်သာ ဆောင်ရွက်ခဲ့ခြင်း၊ သာသနာပြု စိတ်အားထက်သန်သော ဗုဒ္ဓဘာသာဝင် အများစုရှိသော နိုင်ငံဖြစ်ခြင်း၊ ကြီးမားသည့် စကျင်ကျောက်တောင်ကြီးတည်ရှိနေခြင်း၊ ဦးစီးဦးဆောင်ပြုသည့် ဦးဆောင်ဒါယကာနှင့် အလှူရှင်အများစု၏ သဒ္ဓါတရားပြည့်စုံခြင်းစသည့် အကြောင်းအချက်များ ပြည့်စုံ၍ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး နောင်အနှစ် ၂၀၀ အတွင်း ယခုကဲ့သို့ ဘုရားကြီး တစ်ဆူဖြစ်တည်လာနိုင်ရန် ခဲယဉ်းကြောင်း လုပ်ငန်းခွင်သို့ လာရောက်လေ့လာဖူးမြော်သည့် နိုင်ငံခြားအဆင့်မြင့်အရာရှိကြီးတစ်ဦးက မှတ်ချက်ပြုခဲ့သည်ကိုလည်း ကြားသိခဲ့ရပါသည်။

**ဆင်းတုတော် အပိုင်း(၁၊ ၂၊ ၃၊ ၄) အား ရတနာပလ္လင်ထက်သို့ ပင့်ဆောင်ခြင်း**

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် မင်္ဂလာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ခဲ့ကာ ဇန်နဝါရီလ ၃၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်ခြင်း၊ ဖေဖော်ဝါရီလ ၁၁ ရက်တွင် ဆင်းတုတော်အပိုင်း(၄)ကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ရုပ်ပွားတော်မြတ်ကြီးသည် ဥဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေ စုစုပေါင်း ၈၁ ပေ အမြင့်ရှိပြီး ဆင်းတုတော် အလေးချိန် ၁၇၈၂ တန်၊ ပလ္လင်တော် အလေးချိန် ၃၅၁၀ တန် **စုစုပေါင်း အလေးချိန် ၅၂၉၂ တန်** ရှိပါသည်။ အဆိုပါ အလေးချိန်မှာ အာကာသယာဉ် (Space Shuttle)များထက် တန်ချိန်ပိုမိုများကာ အလေးချိန်ကို အတိအကျတွက်ချက်ခဲ့ရပြီး ရုပ်ပွားတော်မြတ်ကြီးအား တည့်မတ်ရာတွင်လည်း အမှားအယွင်းမရှိ တွက်ချက်ဆောင်ရွက်နိုင်မှုသည် အံ့ဩဖွယ်မှတ်တမ်းတစ်ခုအဖြစ် သမိုင်းတွင်ရစ်မှာဖြစ်ပါသည်။





ဆင်းတုတော် အပိုင်း(၁၊ ၂၊ ၃၊ ၄) အား ရတနာပလ္လင်ထက်သို့ ပင့်ဆောင်နေပုံ။

**ရာသီဥတုနှင့် အခြားသဘာဝဘေးဒဏ်များ ခံနိုင်ရည်ရှိရေး**

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရာသီဥတုနှင့် အခြားသဘာဝဘေးဒဏ်များ ခံနိုင်ရည်ရှိရေးအတွက် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်း၏ အပြင်းဆုံးလေတိုက်နှုန်း 120 Mph နှင့် မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် ငလျင်လှုပ်ခတ်နှုန်း Earthquake Magnitude 8.7, 8.8 အထိ ခံနိုင်ရည်ရှိစေရန် Steel Rebars များ ထည့်သွင်းအားဖြည့်ထားကာ သမားရိုးကျနည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများ ပေါင်းစပ်၍ Composite နည်းပညာအသုံးပြုတွဲဆက်ခြင်းများ ဆောင်ရွက်ထားကြောင်း သိရှိရပါသည်။ နိုင်ငံတော်အကြီးအကဲက ဗုဒ္ဓရုပ်ပွားတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး အသေးစိတ်စဉ်းစားတွက်ချက် ဆောင်ရွက်ထားချက်များကို ရှင်းလင်းနေစဉ်တွင် အတွေးတစ်ချက် လက်မိပါသည်။ ရှေးမြန်မာအဆက်ဆက်တည်ထားခဲ့သော ရှေးဟောင်းစေတီပုထိုးများသည် ခေတ်အဆက်ဆက်က သဘာဝဘေး၊ စစ်ဘေးတို့ကို အမျိုးမျိုးကျော်ဖြတ်ခဲ့ရင်း လက်ရှိအချိန်တွင် ကမ္ဘာမှာမြန်မာဟု ဂုဏ်ယူမြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ရမည့် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအဖြစ် လက်ရာများစွာရှိနေခဲ့သည့်အတွက် နောင်လာမည့် မျိုးဆက်များလက်ထက်တွင်လည်း ယခုတည်ထားကိုးကွယ်နေသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် သမိုင်းဝင်သာသနာ့အမွေအနှစ်ကြီးတစ်ခုအဖြစ် အဓွန့်ရှည်စွာ ထာဝရတည်တံ့နေမည့်အဖြစ်ကို တွေးကြည့်မိသည့်အခါ ပီတိဖြစ်မိပါသည်။

**ဗုဒ္ဓဥယျာဉ်တော်**

**"ဗုဒ္ဓဥယျာဉ်တော်"**ဟု တင်စားခေါ်ဆိုနိုင်လောက်အောင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင်ကျောက်စာရုံစေတီ၊ မာရဝိဇယကျောင်းတော်၊ သာသနဓဇမာန်တော်ကြီး (သိမ်တော်ကြီး)၊ သံဃာနားနေဆောင်၊ သုဓမ္မာဇရပ်၊ မုစလိန္ဒအိုင်၊ နဂါးရုံဘုရားများ၊ မဟာရံတံတိုင်း၊ မော်ကွန်းတိုက်၊ အဝင်မုခ်ဦး၊ ရွှေလျားစက်လှေကားနှင့် ဂေါပကရုံးတို့ကိုလည်း ပိဋကတ်တော်လာ အဆိုအမိန့်များနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထား ကိုးကွယ်ခဲ့သည်ကိုလည်း ကြည်နူးသဒ္ဓါအပြည့်ဖြင့် တွေ့မြင်ခဲ့ရပါသည်။

**ကျောက်စာရုံစေတီများ တည်ထားကိုးကွယ်မှု**

ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရာတွင် ပိဋကတ်သုံးပုံကျမ်းစာမြတ်များကိုပါ တစ်ပါတည်းဖူးမြော်နိုင်ရေး၊ ခေတ်အဆက်ဆက် မှတ်တမ်းကျန်ရှိစေရေးရည်ရွယ်ပြီး ကျောက်စာရုံစေတီများကိုပါ တည်ထားကိုးကွယ်ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာ ကျမ်းစာများသည် ယခင်က မြန်မာအက္ခရာဖြင့်သာရှိခဲ့သဖြင့် ကမ္ဘာ၌ ပိုမိုတွင်ကျယ်စေရေးတို့ကို ရည်ရွယ်ပြီး နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီး ၅ ပါးက ကြီးကြပ်ကွပ်ကဲ၍ Romanize Language ဖြင့်ပါ ကျောက်စာ ရေးထိုးနိုင်ခဲ့သည့်အပြင် ပုံနှိပ်ထုတ်ဝေနိုင်သည်အထိပါ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အဆိုပါ ကျောက်စာရုံစေတီများတည်ထားရာတွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ခဲ့သည့် မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများသည် ကျောက်စာချပ်ပေါင်း ၇၂၉ ချပ်စိုက်ထူထားပြီး ယနေ့ထိတိုင် ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် သမိုင်းဝင်တည်ရှိကြောင်း၊ ယခုမာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမျက်နှာမူရာရှေ့တူရူအရပ်တွင် မြတ်ဗုဒ္ဓ၏ သာသနာတော် သုံးရပ်ဖြစ်သည့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့၏ ဆဋ္ဌသင်္ဂါယနာမူဖြစ်သည့် ပိဋကတ်ဓမ္မကျမ်းစာကျောက်ချပ်ရေ ၁၄၄၀ နှင့် ပင်မကျောက်စာစေတီတွင် မော်ကွန်းကျောက်စာ ၄ ချပ် စုစုပေါင်း ၁၄၄၄ ချပ်ရှိကြောင်း သိရှိရပါသည်။

စာမျက်နှာ ၈ သို့ »»»



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အဝေးမှဖူးတွေ့ရပုံ။

**"လက်တွေ့ဆောင်ရွက်ရာတွင်လည်း ပြည်ပပညာရှင်များ လုံးဝပါရှိခြင်းမရှိဘဲ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် တပ်မတော်သားအင်ဂျင်နီယာများဖြင့်သာ ဆောင်ရွက်ခဲ့ခြင်း၊ သာသနာပြု စိတ်အားထက်သန်သော ဗုဒ္ဓဘာသာဝင်အများစုရှိသော နိုင်ငံဖြစ်ခြင်း၊ ကြီးမားသည့် စကျင်ကျောက်တောင်ကြီးတည်ရှိနေခြင်း၊ ဦးစီးဦးဆောင်ပြုသည့် ဦးဆောင်ဒါယကာနှင့် အလှူရှင်အများစု၏ သဒ္ဓါတရားပြည့်စုံခြင်း စသည့် အကြောင်းအချက်များ ပြည့်စုံ၍ ဖြစ်ပေါ်လာခြင်းဖြစ်"**





မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပိဋကတ်ကျောက်စာရုံများ။





နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီများ။

»»» စာမျက်နှာ ၇ မှ

သမိုင်းမော်ကွန်းကျောက်စာထားရှိမည့် အလယ်ဗဟိုကျောက်စာရုံစေတီသည် အလျား ၂၁ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၂၇ ပေ ရှိပြီး အခြားကျောက်စာရုံစေတီများအနေဖြင့် အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေ ရှိမည်ဖြစ်ကာ ကျောက်စာချပ်အနေဖြင့် အလျား ၃ ပေ ၉ လက်မ၊ အမြင့် ၆ ပေ ၃ လက်မ၊ ဒု ၇ ဒသမ ၂ လက်မရှိမည်ဖြစ်ပြီး ပါဠိနှင့် ရိုမန်ဘာသာများဖြင့် ပိဋကတ်ကျမ်းစာတော်များကို ရေးထိုးပူဇော်ထားပြီး ဘုရားဖူးလာ မိဘပြည်သူများအပြင် နိုင်ငံတကာလေ့လာသူများပါ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ရာတွင် ကျောက်စာရုံစေတီများအတွင်းရှိ ဘုရားဟောဒေသနာတော်များကို ပါဠိနှင့် ရိုမန်ဘာသာများဖြင့် ပြည့်စုံစွာ ကြည်ညိုလေ့လာနိုင်ရေး စီမံဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏မျက်နှာတော်အားတောင်ဘက်မှနေ၍ မြောက်ဘက်သို့ မျက်နှာမူထားပြီး တည်ထားကိုးကွယ်မှာ ဖြစ်ပါသည်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်ရှေ့ တည့်တည့်တွင် မြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်များအား ကျောက်စာရုံစေတီအတွင်း ထည့်သွင်းထားသည်ကို တွေ့မြင်ခဲ့ရသည့်အတွက် မြတ်ဗုဒ္ဓ၏နှုတ်ကပါဌ်တော်များသည်မြတ်စွာဘုရား၏မျက်လုံးတော်အောက်တွင် တည်ရှိနေသကဲ့သို့ခံစားမိပြီး ကြည်နူးပီတိဖြစ်ကာ ကုသိုလ်စိတ်များ တဖွားဖွား ပိုမိုတိုးပွားခဲ့ရပါသည်။





နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ နဂါးရုံဘုရားကို တွေ့မြင်ရပုံ။

**သုခမ္မာဇရပ်နှင့်အောင်မြေ**

ဘုရားကြီးပေါ်သို့ တက်ရောက်ဖူးမြော်ကြည်ညိုချိန်တွင် သုခမ္မာဇရပ်များ၊ ကျောက်စာရုံစေတီတော်များ၊ ရေပန်းကြီး၊ ရေပန်းငယ်များဖြင့် တင့်တယ်ဝေဆာလျက်ရှိပြီး ဘုရားဖူးရာလမ်းတစ်လျှောက် မြတ်ဗုဒ္ဓအရိပ်အာဝါသ၏ အေးမြမှု၊ စကျင်ကျောက်၏ အေးမြမှုများကြောင့် ဘုရားဖူးဓမ္မမိတ်ဆွေများ၏ စိတ်အစဉ်ကို အေးမြကြည်လင်စေလျက်ရှိပါသည်။ သုခမ္မာဇရပ်များသည် ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရေးမူမပျက် ဆောက်လုပ်ထားခြင်းဖြစ်ရာ စာရေးသူငယ်ငယ်က မန္တလေးတောင်ခြေသို့ သွားရင်း တစ်ထောက်နားချိန် ဆွေမျိုးများ၊ မိသားစုများနဲ့အတူ လက်ဆုံစားခဲ့သော ရတနာပုံမြို့တည် မင်းတုန်းမင်း၏ သုခမ္မာဇရပ်များအား ပြန်လည်အမှတ်ရမိနေပါသည်။ ထို့အပြင် ဘုရားပေါ်ရှိ မဟာအောင်မြေမှာလည်း မြန်မာပြည်အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားအဆူဆူတို့၏သမိုင်းဝင်အောင်မြေများမှရရှိသော အောင်မြေများအားလုံးကို စုစည်းထားသဖြင့် **သာသနာ့အောင်မြေ**(သို့မဟုတ်) **မြန်မာ့အောင်မြေ**အဖြစ် တွေ့မြင်ရမည်ဖြစ်ပါသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်သို့ သွားရောက်ဖူးမြော်ရာ၌ အသက်အရွယ်ကြီးရင့်သူ အဘိုးအဘွားများ၊ နာမကျန်းသူများ၊ လမ်းလျှောက်ရန် ခက်ခဲသူများပင် အမိုးအကာရှိသော စက်လှေကားဖြင့် သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်သည့်အတွက် အသက်အရွယ်မရွေး စိတ်ဆန္ဒရှိတိုင်း ဖူးမြော်ကြည်ညိုနိုင်ရေး ဘက်ပေါင်းစုံမှ စဉ်းစား တည်ဆောက်ထားကြောင်း တွေ့ရှိခဲ့ရပါသည်။

**သစ်ပင်ပန်းမန်စိုက်ပျိုးထားရှိမှု၊ မင်္ဂလာတံတားနှင့် သာသနာ့ဗိမာန်တော်ကြီးများ တည်ဆောက်ထားရှိမှုအခြေအနေ**

၎င်းအပြင် ဥယျာဉ်တော်ကြီးအတွင်း ရာသီမရွေး သာယာလှပစေရေးအတွက် ကျည်းပင်၊ အိန္ဒိယနိုင်ငံမှရရှိထားသည့် ဗောဓိညောင်ပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များ၊ လင်းလွန်းတောအုပ်၊ ကံ့ကော်ပင် ၁၀၀၀ စသည့် သစ်ပင်ပန်းမန်များ စိုက်ပျိုးထားပြီး ပြည်သူအများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စိတ်လက်ကြည်လင်စွာဖြင့် ဖူးမြော်နိုင်တော့မည်ဖြစ်သည်။ မာရဝိဇယဥယျာဉ်တော်အတွင်းရှိ သဘာဝချောင်းကို ချောင်းဖြောင့်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး မန္တလေးရတနာပုံခေတ် မင်္ဂလာတံတားပုံစံအတိုင်း တည်ဆောက်ထားသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ ၎င်းအပြင် ဆဋ္ဌသင်္ဂါယနာတင်ပွဲ အခမ်းအနားပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ကဲ့သို့သော သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်သည့် သာသနာ့ဗိမာန်တော်ကြီးတစ်ခုကိုလည်း သုခမ္မာဇရပ်များနှင့်အပြိုင် တည်ဆောက်ထားရှိပြီး သံဃာအပါး ၉၀၀၀၊ လူပရိသတ် ၁၂၀၀၀ ဦးဖြင့် စုစုပေါင်း ၂၁၀၀၀ ဦး ဝင်ဆံ့ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် သာသာနာ့ဗိမာန်တော်ကြီးရှိနောင်တော်ကြီးရုပ်ပွားတော်နှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာတွင် ဆင်းတုတော်ကြီး ထုဆစ်ရာ၌ ဦးစွာ ၉ ပေအရွယ်ရှိ ကျောက်ဆစ်ရုပ်ပွားတော်ကို နမူနာထုဆစ်ခဲ့ပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း ကြားသိခဲ့ရပါသည်။



မန္တလေးတောင်ခြေရှိ မင်းတုန်းမင်း၏ ကောင်းမှုတော်ဖြစ်သော သုခမ္မာဇရပ်များ။



နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သုခမ္မာဇရပ်များ။

**မုစလိန္ဒအိုင်**

မုစလိန္ဒအိုင်ကိုလည်း သမိုင်းအထောက်အထားများ၊ ဆရာတော်ကြီးများ၏ဩဝါဒများနှင့်အညီ တည်ဆောက်လျက်ရှိပြီး နဂါးရုံဘုရားကို တည်ထားပူဇော်ရာတွင် ဗုဒ္ဓကျမ်းဂန်များအရ နဂါးမင်းက မြတ်ဗုဒ္ဓအား မိုးဒဏ်လေဒဏ်ကာကွယ်ရန် အပြင်ဘက်မှ ၇ ခွေရစ်ပတ်၍ ပါးပျဉ်းမိုးသည့်ပုံစံဖြင့် လက်ရာမြောက်စွာ ထုလုပ်ထားသည်ကို ကြည်ညိုစွာဖူးမြော်ခဲ့ရပါသည်။ ဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ပြီးစီးချိန်တွင် ဂေါပကဆရာတော်ကြီးများ သီတင်းသုံးနေထိုင်နိုင်ရေး ကျောင်းဆောင်တော်ကိုလည်း တင့်တယ်ခမ်းနားစွာ တည်ဆောက်ထားပါသေးသည်။

စာမျက်နှာ ၉ သို့ »»»

»»» စာမျက်နှာ ၈ မှ

**မူလအစီအစဉ်တွင်မပါဝင်သော အလှူငွေလှူဒါန်းခြင်း**

တိုင်းပြည်ရတနာ(၉)ပါးမှာ (၁)ပြည့်ဦးကင်း (တိုင်းရေးပြည်ရာကိုစီမံဆောင်ရွက်ပေးနိုင်သူ မှူးကြီးမတ်ရာများ)၊ (၂)ပြည့်တံခွန်(သီလဝန္တ ပညာဝန္တ ရဟန်းတော်များ)၊ (၃)ပြည့်မျက်စိ(လိမ္မာကျွမ်းကျင်ကုန်သော ဆေးဆရာ၊ ဟူးရား ဗေဒင်ဆရာ၊ စက်ယန္တရားဆရာများ)၊ (၄)ပြည်၏နား(သစ္စာရှိသောသူလျှိုများ)၊ (၅)ပြည့်အစွယ်(သူရသတ္တိရှိကြသည့် မင်းညီမင်းသား မင်းဆွေမျိုးများ)၊ (၆)ပြည်ကြီးမျက်နှာ(ရုပ်ရည်ချောမောသည့်လှမျိုးမယ်များ)၊ (၇)ပြည်၏ဝမ်းဗိုက်(စားနပ်ရိက္ခာနှင့် ဥစ္စာပေါများသော သူဌေးသူကြွယ်များ)၊ (၈)ပြည်၏ခြေ(စစ်သည်ဗိုလ်ပါ အပေါင်းနှင့် ယာဉ်မျိုးစုံ)၊ (၉)ပြည်၏လက်(ခဲယမ်းမီးကျောက်၊ အမြောက်၊ သေနတ် စသောလက်နက်စုံ)တို့ဟူ၍ မှတ်သားဖူးပါသည်။ ထိုရတနာ (၉)ပါးကို မညှဉ်းပန်း၊ မနှိပ်စက်ရာဟူ၍လည်း ဆိုဆုံးမစကားတို့ ရှိခဲ့ဖူးပါသည်။ ယခုအခါတွင်လည်း ဦးဆောင် ဘုရားဒါယကာဖြစ်သော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မှုအခြေအနေနှင့်ပတ်သက်၍ **ဓမ္မမိတ်ဆွေများကို အမျိုးဘာသာ၊ သာသနာအတွက်သော်လည်းကောင်း၊ နိုင်ငံတော်၏လူမှုစီးပွားဘဝ တိုးတက်စေရေးအတွက်လည်းကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကိုဆောင်နေကြသူများဖြစ်သဖြင့်** အသိပေးရှင်းလင်းပြသပေးခြင်းဟု သိရှိရသဖြင့် ပြည့်ဝမ်းဗိုက်နှင့်တူသော ပုဂ္ဂိုလ်များကို ချီးမြှင့်မြှောက်စားခြင်းပင်ဖြစ်ကြောင်း စာရေးသူစိတ်ထဲတွင် အသိတစ်ခု ဝင်ခဲ့ပါသည်။ အခမ်းအနားကို တက်ရောက်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့်ပတ်သက်၍ အံ့ဩမှင်တက်ဖွယ်၊ မထင်မှတ်ဖွယ်အခက်အခဲများအား ကျော်ဖြတ်ခဲ့ရပုံများကို ရုပ်ပုံများ၊ Vedio Clip များဖြင့် မျက်ဝါးထင်ထင် တွေ့မြင်ကြားသိရသည့် အချိန်တစ်ခဏအတွင်း ကြည်ညိုသဒ္ဓါပွားများစိတ်များ တဖွားဖွားပေါ်ပေါက်လာသည့်အတွက် မိမိတို့တတ်နိုင်သည့် တစ်ထောင့်တစ်နေရာမှနေ၍ တိုင်းပြည်အကျိုးသယ်ပိုးလိုသည့်စိတ်၊ ဘာသာတရားကို ကိုးကွယ်ယုံကြည်သောစိတ်တို့ဖြင့် အလှူငွေများလှူဒါန်းလိုကြောင်း တင်ပြခဲ့ခြင်းဖြစ်ပါသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အဝေးမှဖူးတွေ့ရပုံ။

ထို့အတွက် ချက်ချင်းဆိုသလိုပင် အလှူရှင်များအတွက် ကြားဖြတ်အစီအစဉ် ပြုလုပ်ပေးခဲ့ပြီး အလှူရှင် ၁၀၁ ဦးမှ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၆၁၇၇ သန်း (၁၆ ဒသမ ၁၇၇ ဘီလီယံ) လှူဒါန်းခဲ့ကြသည့် ထိုအခိုက်အတန့်သည် မြန်မာတို့၏ ဗုဒ္ဓသာသနာတော်အတွက် တန်ဖိုးမဖြတ်နိုင်သော မွန်မြတ်သည့်စိတ်ထားများအဖြစ် သမိုင်းတွင်စေခဲ့ပြီ ဖြစ်ပါသည်။

**အလှူရှင်တစ်ဦး၏ ပီတိ**

တည်ဆောက် ပြီးစီးနေသည့် သာသနိက အဆောက်အဦများကို နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်လိုက်လံရှင်းလင်းပြသစဉ် အချိန်အတွင်း စာရေးသူအပါအဝင် အလှူရှင်များအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရှုထောင့်အမျိုးမျိုးမှ ဖူးမြော်ရင်း မိမိလှူဒါန်းခဲ့သည့် ရာသက်ပန်ကုသိုလ်အလှူအတွက် တုနှိုင်းဖွယ်မရှိသော ပီတိအေးမြမှုကို အပြည့်အဝရရှိခံစားခဲ့ရပါသည်။

အချုပ်အားဖြင့်ဆိုသော် ရည်ရွယ်ချက်ကောင်းများဖြင့် တည်ထားကိုးကွယ်ခဲ့သည့် **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးအား အောင်မြင်စွာတည်ဆောက်ပြီးစီးပြီး တည်ထားကိုးကွယ်ချိန်မှစ၍ အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာစေမည်...** ဟုလည်း သက်ဝင်ယုံကြည်မျှော်လင့်မိပါသည်။ တစ်ချိန်က ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ရွှေထီးဆောင်းခဲ့ကြသည့် ရတနာပုံခေတ် မြန်မာ့ဟန် မြန်မာ့မာန်တို့ဖြင့် ထုံမွမ်းထားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များသည်လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ပြန်လည်ထွန်းလင်းတောက်ပလာတော့မည်မှာ မလွဲကေန်ဖြစ်ပါသည်။

ရှေးမြန်မာ့ယဉ်ကျေးမှုလက်ရာများကို ပြန်လည်ထုတ်ဖော်တည်ဆောက်ခဲ့သည့် ဘုရားပုထိုးကျောင်းကန်များ၏ ကြီးကျယ်ခမ်းနားမှုကို အံ့ဩမဆုံးဖြစ်ခဲ့ရသလို ယခုကဲ့သို့ အင်မတန်ကြီးကျယ်ခမ်းနားပြီး ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာအတွက် အမြင့်မြတ်ဆုံးတစ်နေရာ (Holy Place) အဖြစ် ပေါ်ထွန်းလာမည့် ဗုဒ္ဓရုပ်ပွားတော်ကြီး ရာနှုန်းပြည့်ပြီးစီးနိုင်ရေးအတွက် တည်ဆောက်နေဆဲကာလတွင် လှူဒါန်းခွင့်ရသဖြင့် တစ်နည်းဆိုရသော် ရှေးဦးအလှူရှင်(Founder) ဘုရားဒါယကာ၊ ဒါယိကာမများအဖြစ် လှူဒါန်းခွင့်ရရှိခဲ့သဖြင့် သာသနာ့မှတ်တမ်းတစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပြီး မိမိတို့၏ နောင်လာနောက်သားများအတွက်ပါ ဓမ္မအမွေပေးဆပ်နိုင်မည့် လက်ဆင့်ကမ်း ရာသက်ပန်ကုသိုလ်အလှူတစ်ခုအဖြစ် ကြည်နူးသဒ္ဓါပီတိပွားများကာ သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါကြောင်း ရေးသားလိုက်ရပါသည်။

> **❛ ရည်ရွယ်ချက်ကောင်းများဖြင့် တည်ထားကိုးကွယ်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးအား အောင်မြင်စွာတည်ဆောက်ပြီးစီးပြီး တည်ထားကိုးကွယ်ချိန်မှစ၍ အမျိုးဘာသာ၊ သာသနာနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာစေမည်... ဟုလည်း သက်ဝင်ယုံကြည်မျှော်လင့်မိပါသည်။ တစ်ချိန်က ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ရွှေထီးဆောင်းခဲ့ကြသည့် ရတနာပုံခေတ် မြန်မာ့ဟန် မြန်မာ့မာန်တို့ဖြင့် ထုံမွမ်းထားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များသည်လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ပြန်လည်ထွန်းလင်းတောက်ပလာတော့မည်မှာ မလွဲကေန်ဖြစ် ❜**

# ဒဂုံတက္ကသိုလ်၌ လူငယ်နှင့် အားကစားအသိပညာပေး ဟောပြောသရုပ်ပြပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ဒဂုံတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်နှင့် အားကစားအသိပညာပေးဟောပြောသရုပ်ပြပွဲ အခမ်းအနားကို ဒဂုံတက္ကသိုလ် အားကစားခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန (လူငယ်ရေးရာ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချိုတူးက လူငယ်ရေးရာအသိပညာပေးဟောပြောခြင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိက အားကစားဆိုင်ရာအသိပညာများ ဟောပြောခြင်းနှင့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားဟောင်း ဒေါ်ကြည်ကြည်ဝေက အတွေ့အကြုံဗဟုသုတများ ရှင်းလင်းပြောကြားကာ IKO MYANMAR မှ Kyokushin အားကစားနည်း၊ မြန်မာ့သိုင်းအဖွဲ့ချုပ်မှ မြန်မာ့သိုင်းအားကစားနည်း၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ ဝူရှူးအားကစားနည်းများဖြင့် သရုပ်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မိုးက ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်ထံ အားကစားပစ္စည်းများပေးအပ်ခြင်းနှင့် ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက အားကစားသရုပ်ပြအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်း သိရသည်။




မြို့နယ်(ပြန်/ဆက်)

# အင်းစိန်မြို့နယ်၌ ပန်းခင်းစီမံချက်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသည့်သူများအား ပန်းခင်းစီမံချက်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက တောင်သူကုန်းရပ်ကွက် မင်းကွန်းဘုန်းကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးညီညီစိုး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အသက် ၁၈ နှစ်အထက် နိုင် ၆(က) ကျား သုံးဦး၊ မ သုံးဦး၊ အသက် ၁၀ နှစ် အထက် နိုင် ၃(က)ကျား ၃၇ ဦး၊ မ ၅၈ ဦး၊ အသစ်လဲလှယ်လျှောက်ထားသူ ကျား ၁၄ ဦး၊ မ ၂၄ ဦး စုစုပေါင်း ၁၃၉ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးရာသို့ အမှတ်(၄)ရှေ့တန်းတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးကျော်စိုးဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဥဏ်ဟိန်း**

# ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်သော သွင်းအားစုများကို စိုက်ပျိုးရာသီချိန်အမီရရှိရေး၊ အရည်အသွေး ပြည့်မီစွာ၊ ဈေးနှုန်းသက်သာစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးဆောင်ကော်မတီအနေဖြင့် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းပြီး သွင်းအားစု ရည်ညွှန်းဈေးနှုန်းများ ထုတ်ပြန်ပေးလျက်ရှိရာ ရန်ကုန်အထိုင် ဈေးနှုန်းနှင့် ပုံမှန်ရောင်းဈေးနှုန်းများအဖြစ် ဇူလိုင် ၁ ရက်မှ ၁၅ ရက်အထိ ယူရီးယား (အလုံးကြီး) ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ယူရီးယား (အလုံးသေး) ၅၀ ကီလို တစ်အိတ်လျှင် ငွေကျပ် ဖ၈၈၀၀၊ ကွန်ပေါင်း ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် ထုတ်ပြန်ပေးထားပြီး ယခုမိုးစပါး ရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းအတွက် ဇူလိုင် ၁၁ ရက်မှ ၃၁ ရက်အထိ ယူရီးယား (အလုံးကြီး) ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ဖ၈၈၀၀၊ ကွန်ပေါင်း ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ရည်ညွှန်းဈေးနှုန်းများကို ထုတ်ပြန်ပေးထားကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ဦးဆောင်ကော်မတီ၏ စိစစ်ထောက်ခံချက်များအရ နိုင်ငံခြားသုံးငွေ ဝယ်ယူရရှိမှု၊ သွင်းကုန်လိုင်စင်ရရှိမှု၊ တင်သွင်းရောက်ရှိမှု၊ ဖြန့်ဖြူးရောင်းချပြီးစီးမှုအခြေအနေများနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်တို့က ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းဆိုင်ရာများကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မအူပင်မြို့၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ပြုလုပ်

မအူပင် ဇူလိုင် ၁၇

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့၌ စက်မှုလယ်ယာ ဦးစီးဌာန အမှတ်(၁၉) စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက တောင်သူ ဒေါ်ဝင်းနွဲ့၏ ကေ ၁၀၀ စံပြကွက် ကွင်းအမှတ်(၇၅၄) ဦးပိုင်အမှတ်(၄၃/၁)တွင် ပြုလုပ်သည်။



အဆိုပါ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ ခရိုင်စက်မှုလယ်ယာ ဦးစီးဌာနမှူးဦးသန်းဇော်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

တပ်ကုန်း ဇူလိုင် ၁၇

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အဆင်ပြေစေရန်အတွက် ယမန်နေ့က လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

ဦးစွာ ဥတ္တရသီရိမြို့နယ် ဇလောင်း(တောင်) ကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီပီဝက်မွေးမြူရေးနှင့် စံပြလယ်ယာလုပ်ငန်း ဆောင်ရွက်မှု၊ တပ်ကုန်းမြို့နယ်ကင်းသာကျေးရွာအနီး ဒေါက်တာဇော်ထွန်းမြင့်၏ စီပီဝက်ခြံ၊ ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ ဦးတွမ်ခင်ဝင်း၏ ခြံလှောင်စနစ် ဗမာနွားမွေးမြူရေးခြံ၊ နို့စားနွားမွေးမြူရေးခြံနှင့် စီပီဝက်ခြံတို့ကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ ဆရာစံရပ်ကွက်အတွင်းရှိ ကံသာသဘာဝမြေသြဇာစက်ရုံ၊ စိန်စီဆီစက်နှင့်ထရန်စဖော်မာ တည်ဆောက်မှု၊ ဗိုလ်မင်းရောင်ရပ်ကွက်အတွင်းရှိ မြေပဲအတောင့်ကြိတ်စက်လုပ်ငန်းရှင်များအားလည်းကောင်း၊ ရွှေစုကျေးရွာအုပ်စု စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ(KC)ခန်းမတွင် ရွှေစု၊ ကင်မွန်းတန်းနှင့်နွယ်ရစ်ကျေးရွာအုပ်စုများမှ စပါးစိုက်တောင်သူများအားလည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# မိတ္ထီလာမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုမြေသြဇာများပေးအပ်

မိတ္ထီလာ ဇူလိုင် ၁၇

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများအား သမဝါယမကနဦးထရိုက်လယ်ယာစနစ်ဖြင့် သွင်းအားစုမြေသြဇာများပေးအပ်ပွဲကို ယမန်နေ့က လှည်းပွဲကျေးရွာတွင် ပြုလုပ်သည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွေးနုလှိုင်နှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးကျော်ငြိမ်းတို့က သမဝါယမကနဦးထရိုက်လယ်ယာ စနစ်ဖြင့် ဆောင်ရွက်သည့် ကျေးရွာငါးရွာ၊ သမဝါယမအသင်း ငါးသင်းမှ အသင်းသား ၁၅၉ ဦး ပိုင်ဆိုင်သည့် မိုးစပါးစိုက်ဧက ၃၇၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများဖြစ်သည့် စမ်းဝတီသဘာဝမြေသြဇာ၊ ကွန်ပေါင်းနှင့် ပုလဲမြေသြဇာများကို အသင်းသားတောင်သူများ စိတ်ကြိုက်ဝယ်ယူပြီး လက်ဝယ်အရောက် ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း ဖွင့်လှစ်

ဟင်္သာတ ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ကုန်းကြီးကျေးရွာရှိ ဟင်္သာတမြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂)အလတ်စားစက်ပြင်စက်ရုံ၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၃-၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်းက ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း ဖွင့်လှစ်သင်ကြားပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းတွင် သင်ကြားပို့ချပေးမည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးခဲ့ကြရာ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုတင်က လိုက်လံရှင်းလင်းပြသခဲ့သည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းအမှတ်စဉ် (၁/ ၂၀၂၃-၂၀၂၄)အား သင်တန်းသား ၃၀ ဖြင့် ဇူလိုင် ၁၇ ရက်မှ၂၈ ရက်အထိ ၁၂ ရက်ကြာ စာတွေ့၊ လက်တွေ့ ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း မင်းပြားမြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းဆောင်ရွက်






**စစ်တွေ ဇူလိုင် ၁၇**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မင်းပြားမြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**တွေ့ဆုံပွဲသို့တက်ရောက်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းပြားမြို့ ရာမောင်ခန်းမတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် မင်းပြားမြို့နယ် ပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်မှူးချုပ် ခင်ဇော်က ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ စနစ်တကျဖြန့်ဝေထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးစိုးမိုးက မင်းပြားမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးချဲ့မွေးမြူစိုက်ပျိုးနိုင်ရေး လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးများက ရခိုင်ပြည်နယ်အတွင်း မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နိုင်ငံတော်အကြီးအကဲက မုန်တိုင်းကာလပြီးနောက် ရခိုင်ပြည်နယ်အား ယခင်အခြေအနေထက် သာလွန်ကောင်းမွန်အောင် လုပ်ဆောင်သွားရန် လမ်းညွှန်မှာကြားခဲ့ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ များစွာဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်နေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးသည် အဓိကဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်သည့်အခြေအနေများစွာ ရှိနေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခုအချိန်တွင် မြို့နယ်တစ်ခု၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများကလည်း ကွင်းဆင်းကာ ပြည်သူများနှင့်ထိတွေ့ပြီး ပြည်သူများ၏လိုအပ်ချက်များ၊ လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီပေးကြစေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များကလည်း ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးမွေးမြူနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ပြည်နယ်အတွင်း သစ်ပင်များ လဲပြိုခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရိပ်ရပင်များ၊ လေကာပင်များနှင့် မုန်တိုင်းဒဏ်ခံအပင်များ စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ အလားတူ ကောင်းမွန်လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်ရန်အတွက် ဟင်းသီးဟင်းရွက် မျိုးစေ့များကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်သည့်အတွက် စိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းပြားမြို့ မင်းဗာကြီးရပ်ကွက်တွင် ဆိပ်ခံချဉ်းကပ်တံတား ပြန်လည်တည်ဆောက်ရန်နှင့် ကမ်းပြိုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဆိပ်ခံတံတားတွင် လေးမြို့မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး ငါးမျိုးများစိုက်ထည့်ပေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂမ္ဘရာကျေးရွာဓမ္မာရုံ၌ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေးအသိပညာပေးဟောပြောခြင်းနှင့် ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှု အားပေးကြပြီး မွေးမြူရေးတောင်သူများနှင့် ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းပြားမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေကြသည့် လူနာများအား အားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာများပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်းပြားမြို့ ဈေးဟောင်းပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မင်းပြားမြို့နယ် နရမ်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ အကျိုးဆောင်တောင်သူများဖြင့် မိုးစပါး မျိုးစေ့ထုတ်ဧက ၁၀၀ စိုက်ခင်း ထွန်ယက်စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက မင်းပြားမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှုနှင့် ဆောင်းသီးနှံများ စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးစပါးထွန်ယက် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ နိုင်ငံတော်မှ အထွက်နှုန်းကောင်းသည့် မျိုးစပါးများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးထားမှုနှင့် တောင်သူများအနေဖြင့် အကျိုးရှိအောင် စနစ်တကျစိုက်ပျိုးကြရန်နှင့် သက်ဆိုင်ရာဌာနများကလည်း လိုအပ်သည့် နည်းပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ကြရန် ပြောကြားကာ တောင်သူများနှင့် ကောက်စိုက်လုံမများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့နယ် ပီပင်ရင်းကျေးရွာအုပ်စု လောင်းကြက်ကျေးရွာရှိ မိုးစပါးအထွက်ကောင်း စပါးမျိုးများစံပြကွက် ဧက ၃၀ ပျိုးထောင်ကာ စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မြောက်ဦးမြို့နယ်အတွင်း မိုခါမုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ကျေးရွာအုပ်စုများမှ တောင်သူများအား မျိုးစပါးများ ထောက်ပံ့ပြီးမှုနှင့် ထွန်ယက်စိုက်ပျိုးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျေးရွာတောင်သူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် လိုအပ်သည့် နည်းပညာနှင့် အကူအညီများပေးနိုင်ရေးဆွေးနွေးကာ တောင်သူများ၏တင်ပြချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် အနူမကန်မှ လက်ဆည်ကန်သို့ ရေအကူဖြည့်တင်းခြင်း၊ Pump House ပြောင်းရွှေ့တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွေးမြူရေးလုပ်ငန်းရှင် ဦးလှမြင့်၏ မွေးမြူရေးခြံ၌ နို့စားနွားများ၊ ဆိတ်နှင့် နေပီယာမြက်များ မွေးမြူစိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြုပြင်ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ဆေးရုံတက်ရောက် ကုသမှုခံယူနေကြသည့် ပြည်သူများအား အားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးနှင့် အဆင့်မြင့်အရာထမ်းသင်တန်း ဖွင့်ပွဲအခမ်းအနားများ ကျင်းပ





ရန်ကုန် ဇူလိုင် ၁၇

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၈)နှင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ်(၂၂)တို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေး၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေးက ယခုဖွင့်လှစ်သည့်သင်တန်း၏ ရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ မူဝါဒလုပ်ငန်းစဉ်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို သိရှိစေရန်၊ စီမံခန့်ခွဲရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဥပဒေနှင့်အညီ ကျင့်သုံး လိုက်နာတတ်စေရန်နှင့် ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ပိုမိုလိုက်နာ ကျင့်သုံးတတ်စေရန်၊ ခေတ်မီဆန်းသစ်သော အတွေးအခေါ်အယူအဆများဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကာ အဆင့်မြင့် တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အနာဂတ် နိုင်ငံ့ဝန်ထမ်းကောင်းများ ပျိုးထောင်လေ့ကျင့်ပေးရန် ဖြစ်ပါကြောင်း၊ **“ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်”** ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များနှင့် မျှော်မှန်းချက်များကို တတ်စွမ်းသမျှ ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၈)သို့ သင်တန်းသား ၁၅ ဦး၊ သင်တန်းသူခြောက်ဦး စုစုပေါင်း ၂၁ ဦး၊ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့ သင်တန်းသား ၂၀၊ သင်တန်းသူ ၁၆ ဦး စုစုပေါင်း ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁၇ ရက်မှ စက်တင်ဘာ ၈ ရက်ထိ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း(၂)နှင့်ရတနာသိင်္ဃခန်းမနောက်ကျောရှိ မြေကွက်လပ်၌ ကျင်းပသည့် တက္ကသိုလ်၏ ဒုတိယအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများ၏ သစ်ပင်စိုက်ပျိုးနေမှု အခြေအနေကို လိုက်လံကြည့်ရှု အားပေးသည်။ သစ်ပင် စိုက်ပျိုးပွဲတွင် သင်တန်းသားများ၊ ဝန်ထမ်းမိသားစုများက ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ မန်ကျည်းရှား စုစုပေါင်းအပင် ၁၀၀၀ စိုက်ပျိုးပေးသည်။ ထို့နောက် အဖွဲ့ဥက္ကဋ္ဌသည် ညနေပိုင်းတွင် တက္ကသိုလ်ရှိ ရေနောက်အင်းငါးကန်၌ ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို တက်ရောက်၍ ကန်အတွင်းကို တီလားပီးယား၊ ငါးမြစ်ချင်းနှင့် ထိုင်းငါးခုံးမငါးမျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၈ ပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၈ ပါတီအနက် **အမျိုးသား နိုင်ငံရေးအားမာန်သစ်ပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

တည်ထောင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ ၈ ပါတီသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်အနက် ပါတီ ၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇူလိုင် ၁၇

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ပြုလုပ်သည့် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲကို တက်ရောက်၍ ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့ပြင် ကျောက်ဖြူမြို့နယ်ရှိ မိုခါမုန်တိုင်းအပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အသီးသီးမှ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ရမ်းဗြဲမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဇော်မင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ ပြုလုပ်သော တတိယအကြိမ်မြောက် ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲကို တက်ရောက် အမှာစကားပြောကြားပြီး ရမ်းဗြဲမြို့နယ်အတွင်းရှိ မုန်တိုင်းရှောင် အိမ်ထောင်စုများနှင့် ဘေးသင့်အိမ်ထောင်စုတို့အား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင့်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အသေးစားစက်မှုလက်မှု ဦးစီးဌာနမှ သစ်တောရွာကျေးရွာတွင် ကြီးမှူးဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲကို တက်ရောက် အမှာစကားပြောကြားသည်။ ထို့ပြင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ပြုလုပ်သည့် (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မောင်တောခရိုင်ရုံးမှ ခင်းကျင်းပြသထားသော (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာအုပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိသည်။ **သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၁၄၆ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၇-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၁၇-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၄၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂၀)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၉)ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၅၇,၂၆၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၀၆)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၉,၆၉၆)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကမ္ဘောဒီးယားနိုင်ငံ၌ ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်အရ ပြည်ပပို့ကုန်မြှင့်တင်ရေးဆောင်ရွက်



**ဖနောင်ပင် ဇူလိုင် ၁၇**

ကမ္ဘောဒီးယားနိုင်ငံသည် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်(RCEP)နှင့် လွတ်လပ်စွာ ကုန်သွယ်မှု ဆိုင်ရာ သဘောတူညီချက်များမှနေ၍ အထည်လိပ်၊ ဖိနပ်နှင့် ခရီးသွားကုန်စည်များ ပြည်ပတင်ပို့ရောင်းချခြင်းကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်များ ယမန်နှစ်က စတင်အသက်ဝင်လာခဲ့ပြီးနောက် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ ဖိနပ်တင်ပို့မှုမြင့်တက်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဖိနပ်လုပ်ငန်းအဖွဲ့အစည်းအကြီးအကဲ လိုင်ကန်ထိုင်းက ပြောကြားသည်။

အထည်လိပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းလုပ်ငန်းသည် ကမ္ဘောဒီးယားအတွက် နိုင်ငံခြားငွေအများဆုံးရရှိသည့်လုပ်ငန်းများဖြစ်သည်။ အဆိုပါကဏ္ဍတွင် အကြမ်းဖျင်းအားဖြင့် စက်ရုံခွဲပေါင်း ၁၁၀၀နှင့် အလုပ်သမား ၇၅၀၀၀၀ ခန့် ရှိသည်။

RCEP နှင့် ကမ္ဘောဒီးယား၏ နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်များအရ တရုတ်နှင့် တောင်ကိုရီးယားတို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်မြှင့်တင်ရန် အဓိကပံ့ပိုးကူညီသည့်နိုင်ငံများဖြစ်ကြောင်း ကမ္ဘောဒီးယားစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က မှတ်ချက်ပြုသည်။

**ပြောကြား**

“ဒီလွတ်လပ်တဲ့ ကုန်သွယ်မှုသဘောတူညီချက်တွေကနေ ရေရှည်မှာကျွန်တော်တို့ရဲ့ ပို့ကုန်တင်ပို့မှုကို ဆက်လက်မြှင့်တင်ပေးမှာဖြစ်ပါတယ်” ဟု ၎င်းက ပြောကြားခဲ့ သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ မုန်တိုင်းဝင်ရောက်မှုကြောင့် လေကြောင်းခရီးစဉ် ၁၅၀၀ ကျော် ဖျက်သိမ်း

**နယူးယောက် ဇူလိုင် ၁၇**

အမေရိကန်နိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသများ၌ မုန်တိုင်းဝင်ရောက်ခဲ့မှုကြောင့် အမေရိကန်နိုင်ငံ၏ ပြည်တွင်းပြည်ပခရီးစဉ်များအဖြစ် ပျံသန်းပြေးဆွဲမည့် လေကြောင်းခရီးစဉ် စုစုပေါင်း ၁၅၀၀ ကျော်အား ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

မိုးကြိုးမုန်တိုင်းများနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လေယာဉ်ခရီးစဉ်အများအပြားကို ဖျက်သိမ်းခဲ့ရပြီး နယူးယောက်နှင့် နယူးဂျာစီရှိ အဓိကလေဆိပ်များ၌ ခရီးစဉ်နှောင့်နှေးကြန့်ကြာမှုများဖြစ်ပွားခဲ့ကြောင်း မြို့ပြလေကြောင်းအဖွဲ့အစည်း၏ ပြောကြားချက်အရ သိရသည်။

**နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ခဲ့**

နယူးဂျာစီပြည်နယ်ရှိ နယူးဝက်လိုက်ဘာတီ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်ခရီးစဉ် ၃၆၂ ခုကို ဖျက်သိမ်းခဲ့ရကြောင်းနှင့် လေယာဉ်ခရီးစဉ် ၃၃၇ ခုမှာ နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နယူးယောက်မြို့ရှိ ဂျွန်အက်ဖ်ကနေဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ခရီးစဉ် စုစုပေါင်း ၄၂၆ ခု နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကာ လေယာဉ်ခရီးစဉ် ၃၁၈ ခုဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

အခြားသော နယူးယောက်မြို့ရှိ လေဆိပ်တစ်ခုဖြစ်သောလာဂွါဒီယာ လေဆိပ်သည်လည်း လေယာဉ်ခရီးစဉ်စုစုပေါင်း ၂၇၀ အထိ ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။ ဘော်စတွန်လိုဂန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည်လည်း ဇူလိုင် ၁၆ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် မိုးကြိုးမုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ် ၂၆၀ နီးပါးဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၄၀ ရှိလာ

**ဆိုးလ် ဇူလိုင် ၁၇**

တောင်ကိုရီးယားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် လက်ရှိအချိန်အထိ သေဆုံးသူ ၄၀ရှိပြီး ကိုးဦး ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ထပ်လောင်းပြောကြား**

ယင်းဖြစ်စဉ်အတွင်း သေဆုံးသူများမှာ ဂျီအွန်ဆန်းပြည်နယ်နှင့် ချန်ချီအွန်ပြည်နယ်များမှဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာလုပ်ငန်းဌာနမှ ထပ်လောင်းပြောကြားသည်။

ပြည်နယ်အများအပြားတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း သတိပေးချက်များထုတ်ပြန်ထားပြီး အချို့ဒေသများတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း မိုးရေချိန် မီလီမီတာ ၅၀၀ကျော်လွန်ခဲ့သည်။ နိုင်ငံတစ်ဝန်းရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများကြောင့် ထိခိုက်သေဆုံးသူများပြားခဲ့သည်။

နိုင်ငံအလယ်ပိုင်း အိုဆောင်မြို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားပြီးနောက် ကားများအတွင်းမှ သေဆုံးသူ ၁၃ဦးကို တွေ့ရှိခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ မြို့နှင့်ဒေသပေါင်း ၁၆ခုမှ ဒေသခံ ၁၀၇၆၅ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# တွစ်တာကုမ္ပဏီ ကြော်ငြာဝင်ငွေကျဆင်းနေ

**ဝါရှင်တန် ဇူလိုင် ၁၇**

တွစ်တာကုမ္ပဏီသည် ကြော်ငြာဝင်ငွေများ ကျဆင်းနေသဖြင့် အရှုံးပေါ်နေကြောင်း အမေရိကန်နည်းပညာလုပ်ငန်းရှင် အီလွန်မက်စ်က ပြောကြားသည်။

မိမိတွစ်တာ ကုမ္ပဏီအား ဝယ်ယူလိုက်ချိန်မှ စတင်၍ တွစ်တာအား ကြော်ငြာထည့်သွင်းသူများက ကျောခိုင်းခဲ့ကြကြောင်း ၎င်းက မှတ်ချက်ပြုသည်။

**၅၀ ရာခိုင်နှုန်းကျဆင်း**

လက်ရှိအချိန်တွင် တွစ်တာသည် ကြော်ငြာဝင်ငွေ ၅၀ ရာခိုင်နှုန်း ကျဆင်းသွားသည့်အပြင် အကြွေးတင်နေသဖြင့် လုပ်ငန်းဝင်ငွေ ကောင်းလာစေရေးအတွက် ကြိုးစားဆောင်ရွက်သွားရမည်ဟု ၎င်းက မှတ်ချက်ပြုသည်။



မေလအတွင်းက တွစ်တာ၏ အမှုဆောင် အရာရှိချုပ်အဖြစ် အန်ဘီစီယူနီဗာဆယ် ကုမ္ပဏီမှ ကြော်ငြာဌာန အကြီးအကဲအား ပြောင်းလဲ ခန့်အပ်ခဲ့သော်လည်း ကျေနပ်လောက်သည်အထိ အောင်မြင်မှုများ မရရှိခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ကြည့်ရှုသူ များပြားသည့် အကြောင်းအရာ ဖန်တီးသူများကို တွစ်တာတွင် ပါဝင်တင်ဆက်ရေးအတွက် ၎င်းက ဖိတ်ခေါ်ခဲ့သည်။ ယခုဖိတ်ခေါ်မှုသည် တွစ်တာ၏ ပြိုင်ဘက်ဖြစ်သည့် မီတာ နည်းပညာကုမ္ပဏီမှ Threads အက်ပလီကေးရှင်းကို သုံးစွဲသူ များပြားလာပြီးနောက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံ၏ စက်မှုထုတ်ကုန်ထုတ်လုပ်မှု ၃ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်

**ပေကျင်း ဇူလိုင် ၁၇**

ယခုနှစ်ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ တန်ဖိုးမြှင့် စက်မှုထုတ်ကုန်ထုတ်လုပ်မှုသည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း တရုတ်နိုင်ငံ စာရင်းအင်းဗျူရိုက ယနေ့တွင် ပြောကြားသည်။

ဇွန်လတစ်လတည်းအတွင်းမှာပင် တရုတ်နိုင်ငံ၏ စက်မှုထုတ်ကုန်ထုတ်လုပ်မှုသည် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ပြီး မေလအတွင်းက စက်မှုထုတ်ကုန်ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

**၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်**

ထို့ပြင် ယခုနှစ်ပထမနှစ်ဝက်တာကာလအတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးသည်လည်း ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က သတင်းအရ မန္တလေး-လားရှိုး ကားလမ်း မိုင်တိုင်အမှတ် ၂၃ မိုင် ၆ ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးကို စိစစ်၍ မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ အသေးစိတ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် PVC Reflective Sticker ၁၂၀၉၁ ကီလိုဂရမ်၊ Printer Spare Part Opc Drum ၉၄၅ ခု၊ DELL Core i5 Laptop အလုံး ၅၀အပါအဝင် ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၇၆၁၂၃၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan Diesel Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၇၆၁၂၃၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာန ပါဝင်သော ပူးပေါင်းအဖွဲ့က မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်၌ တရုတ်နိုင်ငံမှ ဝင်ရောက်လာသော ယာဉ်များကို ရှောင်တခင် သွားရောက်စစ်ဆေးခဲ့စဉ် ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိသဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် CCTV Camera ၂၃ လုံးအပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(သွင်းကုန်)၌ ကုန်စည်တစ်ခုအတွင်းမှ သွင်းကုန်လိုင်စင်မရရှိမီ လေဆိပ်သို့ ကြိုတင်ရောက်ရှိသည့်ရက် ၆၀ ကျော်လွန်သည့် Blower Spare Parts ဖြစ်သော SIDEL Halogen Lamp ၁၀ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၉၆၈၃)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့က သတင်းအရ ဖမ်းဆီးရမိမှု။

ထို့အပြင် ဇူလိုင် ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဝေါမြို့မရဲစခန်းမှ ဒုတိယရဲအုပ် ဦးဆောင်သောအဖွဲ့က သတင်းအရ ယာဉ်တစ်စီးအား ညောင်ခါးရှည် X-Ray စက်၌ စိစစ်၍ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ပူးပေါင်းအဖွဲ့စုံဖြင့် အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော SMART Fabric Softener ၄၉ ဖာအပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၄၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၃၄၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃၆၃၅၃၁၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မိုးညှင်းနှင့် ဝိုင်းမော်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာရှိ ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် ထက်အောင်(ခ)ထက်ထက်အောင် မောင်းနှင်လာသည့် NISSAN AD အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုနှင့် မြန်မာငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် ဝိုင်းမော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ ဆန်းလင်းနှင့် မကော့မွန်းတို့၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၂၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



ထက်အောင်(ခ)ထက်ထက်အောင်ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မဲခေါင်မြစ်အတွင်း တရားမဝင်တင်သွင်းလာသည့် ငွေကျပ် သိန်း ၄၂၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၅ ဒသမ ၃ တန် သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မဲခေါင်မြစ်အတွင်း တရားမဝင် တင်သွင်းလာသည့် ငွေကျပ် သိန်း ၄၂၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၅ ဒသမ ၃ တန် သိမ်းဆည်းရမိခဲ့သည်။





သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများကို တွေ့ရစဉ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆမ်ဖူးကျေးရွာနှင့် နမ့်ဖုန်းကျေးရွာကြား မဲခေါင်မြစ်ကမ်းဘေးတွင် ဆိုက်ကပ်ထားသည့် ကျိုင်းလပ်မြို့ ဝမ်ကျင်း(၃)ရပ်ကွက် မဲခေါင်လမ်းနေ ဦးနန်အွန်ပိုင်ဆိုင်သည့် အလျား ၁၇၁ ပေခန့်၊ အနံ ၁၄ ပေခန့်၊ ရေစူး ၅ ပေခန့်ရှိ စက်လှေပေါ်မှ တရားမဝင်တင်သွင်းလာသည့် ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၄၂၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၅ ဒသမ ၃ တန် သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

## ဝမ်းတွင်းမြို့နယ်၌ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်း ကျင်းပ

ဝမ်းတွင်း ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(သဲတော)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမြစောက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပခဲ့ရာ Grade-11 မှ မအိအိလွင်က လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 မှ မခင်ဖုန်းမြင့်က လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 မှ မခိုင်ဇင်သော်က လူငယ်နှင့် မူးယစ်ဆေးခေါင်းဆောင်စဉ်ဖြင့်လည်းကောင်း၊ Grade-11 မှ မောင်ညီညီအောင်က လူငယ်နှင့် အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 မှ မခင်ပြုံးလှိုင်က လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့်ကျောင်းသားကျောင်းသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၆) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

တောင်ငူ ဇူလိုင် ၁၇

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးက အမှာစကားပြောကြားပြီး ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။


ဆက်လက်၍ ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်၊ အထက (၁) တောင်ငူမှ အလယ်တန်းပြဆရာမ ဒေါ်သန်းသန်းထွေး၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) နာယက ဦးမြသိန်းနှင့်အဖွဲ့ဝင် ဦးစိုးမြင့်လေးတို့က ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု (၁) နှင့် နှစ်သိမ့်ဆု (၂)ရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန် /ဆက်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# မြစ်ငယ်မြို့ မီးရထားဆေးရုံ ဆေးရုံအုပ်ကြီးနှင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခဲ့ပြီး အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များကို ကျူးလွန်ခဲ့သည့် မြစ်ငယ် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ

**မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့ မြန်မာ့မီးရထားဆေးရုံမှ ဆေးရုံအုပ်အား လုပ်ကြံသတ်ဖြတ်ခဲ့သည့် မြစ်ငယ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှုအခြေပြဇယား**




နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် လူစည်ကားရာနေရာများအား ဖောက်ခွဲတိုက်ခိုက်ခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် CDM ပြုလုပ်ခြင်းမရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်မှုများ၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုပိုင် အဆောက်အအုံများအား အကြောင်းမဲ့ဖောက်ခွဲ ဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းများကို နေ့/ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် နိုင်ငံ့ဝန်ထမ်းများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှုများကို မလိုလားသည့် ဒေသခံပြည်သူများ၏ လျှို့ဝှက် သတင်းပေးပို့တိုင်ကြားချက်အရ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းတွင် အမရပူရမြို့နယ် ဝက်ကုန်းတမာတန်းရပ်ကွက်တွင် မြစ်ငယ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **သီဟဇော်ထွေး(ခ)သီဟ**အား **Sig Sauer ပစ္စတို တစ်လက်၊ ၎င်း ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၁၀ တောင့်၊ လက်ပစ်ဗုံး နှစ်လုံးတို့နှင့်**အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **သီဟဇော်ထွေး**၏ထွက်ဆိုချက်အရ အမရပူရမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း စွယ်တော်ဘုရားရှေ့တွင် မြစ်ငယ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **အောင်ဘိုဘိုသန်း(ခ) ဘိုသန်း** နှင့် **လုရှီ(ခ)သန့်ဇင်ဦး**တို့ကို လည်းကောင်း၊ မြစ်ငယ်လမ်းဆုံ၌ **မင်းမင်းဟိန်း(ခ)လေဒီ**ကို လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **သီဟဇော်ထွေးနှင့် မင်းမင်းဟိန်း**တို့သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် မြောင်မြို့နယ် နဂါးပေါက်ကျေးရွာအနီး မြစ်ငယ် PDF အမည်ခံ အကြမ်းဖက်စခန်း၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းအား တက်ရောက်ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ **ဝင်းထွန်း**ခေါင်းဆောင်၍ **သီဟဇော်ထွေး၊ လုရှီ၊ အောင်ဘိုဘိုသန်း၊ မင်းမင်းဟိန်း၊** ဖမ်းဆီးရန်ကျန် တရားခံ **ဝမ်းတီး၊ ငြိမ်းကြီး၊ တင့်ဝေ၊ ဇော်နောင်(ခ) ကြက်သားတုံးနှင့် ရဲလင်းမောင်**တို့အပါ အင်အား ၁၅ ဦးဖြင့် မြစ်ငယ် PDF အကြမ်းဖက်အဖွဲ့အား ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **သီဟဇော်ထွေး**၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် မေလပထမပတ်တွင် အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG မှ တရားခံပြေး **ဇော်ဝေစိုး**က မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့ မြန်မာ့မီးရထားဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာဒေါ်တင်ချိုချိုကိုသည် CDM မလုပ်သည့်အပြင် CDM ပြုလုပ်သွားသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း ပြန်လည်စည်းရုံးခေါ်ယူလျက်ရှိသဖြင့် လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ကြောင်း၊ သို့ဖြစ်၍ တရားခံ သီဟဇော်ထွေး၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဇော်နောင် (ခ)ကြက်သားတုံးနှင့် ရဲလင်းမောင်**တို့သည် ဒေါက်တာဒေါ်တင်ချိုချိုကိုအား လုပ်ကြံသတ်ဖြတ်ရန် အခြေအနေ စောင့်ကြည့်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

မေလ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပလိပ်မြို့ ဈေးကွက်သစ်ရပ်ရှိ “ချို” ဆေးခန်း၌ မြစ်ငယ်မြို့ မြန်မာ့မီးရထားဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာဒေါ်တင်ချိုချိုကိုအား **သီဟဇော်ထွေး**က ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဇော်နောင်(ခ)ကြက်သားတုံး**နှင့် **ရဲလင်းမောင်**တို့ကလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေကို ကြည့်ရှုပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့အပြင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG မှ တရားခံပြေး**ဇော်ဝေစိုး**နှင့် **ဝင်းထွန်း**တို့၏ စေခိုင်းမှုဖြင့် စဉ့်ကိုင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု နှစ်ကြိမ်၊ ဖောက်ခွဲဖျက်ဆီးမှု တစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း-

◆ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် ပလိပ်မြို့ ဘူတာရပ်တွင် နေထိုင်သည့် ဦးဘုန်းကျော်အား ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဝမ်းတီး**နှင့် **ငြိမ်းကြီး**တို့မှ ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်မှုတွင် **သီဟဇော်ထွေး**နှင့် ဖမ်းဆီးရန်ကျန် တရားခံ**တင့်ဝေ**တို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေအား ကြည့်ရှုပေးခဲ့ကြောင်း။

◆ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် **သီဟဇော်ထွေး** သည် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ ပလိပ်မြို့ ဝန်ထမ်းကွက်သစ် ရပ်ကွက်ရှိ Heart Zoom စားသောက်ဆိုင်အား လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



မေ ၁၅ ရက်တွင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ ဈေးကွက်သစ်ရပ်ရှိ “ချို”ဆေးခန်းတွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် ဒေါက်တာဒေါ်တင်ချိုချိုကို (သေဆုံး)၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ ဘူတာရပ်တွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် ဦးဘုန်းကျော်(သေဆုံး)၏ မှတ်တမ်းဓာတ်ပုံ။



အမရပူရမြို့နယ် ဝက်ကုန်းတမာတန်းရပ်တွင် ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများအား တွေ့ရစဉ်။





၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ ဝန်ထမ်းကွက်သစ်ရပ်ရှိ Heart Zoom စားသောက်ဆိုင်အား အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်မှုကြောင့် ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၁၆ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Htet Aung” အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ (၂)ရပ်ကွက်နေ ထက်အောင်(ခ)ထက်သူရအား ည ၇ နာရီခွဲတွင် တောင်တွင်းကြီးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပါဝင်ဆင်နွှဲခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအနက် တစ်ဦး သေဆုံး၊ အသက် ၁၀ နှစ်အောက် ကလေးငယ် သုံးဦးအပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ ခုံမင်းကြီးရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၂၀၀ ပါဝင်စိုက်ပျိုးခဲ့ပြီး မြို့တွင်းသို့ ပြန်လည်ထွက်ခွာလာစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက မြို့၏ မြောက်ဘက်နှင့် တောင်ဘက်တို့မှ နှစ်ဖွဲ့ခွဲ၍ မြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့လာရောက် ပစ်ခတ်တိုက်ခိုက်မှုကြောင့် မြို့အတွင်း နေရာအနှံ့အပြားသို့ လက်လုပ်စိန်ပြောင်းဗုံးသီးများ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအနက် တစ်ဦး သေဆုံးခဲ့ရပြီး အသက် ၁၀ နှစ်အောက် ကလေးငယ် သုံးဦးအပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဗန္ဓုလရပ်ကွက်ရှိ ရောင်ခြည်ဦးဘုန်းတော်ကြီးကျောင်း တံခါးမှန်အချို့ ပျက်စီးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို ဘုတလင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

ထိုကဲ့သို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ အပြစ်မဲ့အရပ်သားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို ယုတ်မာရက်စက်စွာ လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပါဝင်ဆင်နွှဲခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအနက် တစ်ဦး သေဆုံး၊ အသက် ၁၀ နှစ်အောက် ကလေးငယ် သုံးဦးအပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်ပြပုံ






PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပါဝင်ဆင်နွှဲခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အရာတော်မြို့နယ် ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် သံဃာတော် သုံးပါး ထိခိုက်ဒဏ်ရာရရှိပြီး အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦး သေဆုံးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၈၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အုတ်ဖိုမြို့၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

အုတ်ဖို ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အုတ်ဖိုမြို့ မြို့မ (၁)လမ်း မြို့မဈေးအနီးတွင် အများပြည်သူများ သက်သာသောဈေးနှုန်းဖြင့် စားသုံးနိုင်ရန် အခြေခံစားသောက်ကုန်များအား ကိုယ်တိုင်စိုက်ပျိုး/ မွေးမြူထုတ်လုပ်ရောင်းဝယ်သူများ တိုက်ရိုက်အရောင်းဆိုင်မှ သား၊ ငါး၊ ကြက်ဥ၊ စားသုံးဆီ၊ ဆန်နှင့် ဟင်းသီးဟင်းရွက်များကို နေ့စဉ် ရောင်းချပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများက လာရောက်ဝယ်ယူ အားပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၃၅ | ၂၁၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၆၅ | ၂၁၆၅ | ၂၁၆၅ | ၂၃၉၅ | ၂၈၂၀ |
| 95 Ron | ၂၁၉၀ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၂၅ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၀ | ၂၂၅၀ | ၂၂၇၅ | ၂၂၈၀ | ၂၂၈၀ | ၂၅၁၀ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၆၀ | ၂၁၀၅ | ၂၁၀၅ | ၂၀၆၅ | ၂၁၀၅ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၄၅ | ၂၃၇၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၄၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၄၅ | ၂၁၈၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၅၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၄၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၄၅ | ၂၁၈၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၅၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၃ | ၂၀၄၆ |
| 95 Ron | ၂၀၈၃ | ၂၁၅၉ |
| HSD (500 ppm) | ၁၉၅၇ | ၂၀၂၆ |
| HSD (50 ppm) | ၂၀၃၁ | ၂၁၀၁ |
| HSD (10 ppm) | ၂၀၃၁ | ၂၁၀၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက တောင်ငူတပ်နယ်၊ နယ်မြေခံတပ်ရင်းရှိ စံပြဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တက္ကသိုလ်၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ပြည် ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ် သီရိရေတာခန်းမ၌ ယနေ့ နံနက်ပိုင်းက (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။



ဦးစွာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်က အခမ်းအနားကျင်းပခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြည်တက္ကသိုလ် သမိုင်းဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ တတိုင်းမွေးက"အာဇာနည်နေ့ တို့မမေ့"ခေါင်းစဉ်ဖြင့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းနှင့် နိုင်ငံတော်အတွက် အသက်ကိုပဓာနမထားဘဲ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့မှု သမိုင်းဖြစ်စဉ်များအကြောင်းကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောဆွေးနွေးသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက်(၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**❍ အာဆီယံမှ**

တတိယဆုရခဲ့သည့် မြန်မာ ယူ-၁၉ အမျိုးသမီးလက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းစနစ်အကြံပေး ယုကီတက်ဆုရှိ (ဂျပန်)၊ နည်းပြချုပ် ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြ ဒေါ်စန်းစန်းမော်၊ ဂိုးနည်းပြ ဦးစိန်အေး၊ ကြံ့ခိုင်ရေးနည်းပြ ဦးထွန်းဇော်၊ အသင်းဆရာဝန် ဒေါက်တာပွင့်မာလာသော်၊ အသင်းမီဒီယာ ဦးဝင်းကိုကို၊ အကြောကျွမ်းကျင် ဦးလွင်ဦးကို၊ စကားပြန် ဦးခန့်ဇော်နိုင်၊ ကစားသမားများအဖြစ် ဂိုးသမား မေဦးခင် (ISPE FC)၊ ဖီးဖေ (ရန်ကုန်ယူနိုက်တက်)၊ သူဇာအောင် (သစ္စာအားမာန်)၊ နောက်တန်း ဖြူဖြူဝင်း (မြဝတီ)၊ ဝေဖူးအိမ်၊ ဒီဇင်ဘာနှင်း (သစ္စာအားမာန်)၊ ဖြူဖွေး၊ ရွှန်းလဲ့နိုင်၊ ယုယုနိုင် (ရန်ကုန်ယူနိုက်တက်)၊ ခင်ဌေးကြိုင် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ကြယ်စင် (ISPE FC)၊ အလယ်တန်း မေသက်မွန်မြင့် (သစ္စာအားမာန်)၊ ဒေစီအောင် (ရန်ကုန်ယူနိုက်တက်)၊ ပေမာန်စိုး(ISPE FC)၊ ဝေဟင်ဖြိုး၊ စန္ဒာလင်း၊ သိင်္ဂီထွေး၊ သဲအိမွန်သောင်း (အားကစားနှင့်ကာယပညာဦးစီးဌာန)၊ ရှေ့တန်း ဇင်မိုးပြည့်၊ စုစုကြည် (ရန်ကုန်ယူနိုက်တက်)၊ ယဉ်လွန်းအိမ် (ISPE FC)နှင့် ယွန်းဝတီလှိုင် (အား/ကာသိပ္ပံ မန္တလေး)တို့ ပြန်လည်လိုက်ပါလာသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ တစ်လျှောက် တတိယဆု နှစ်ကြိမ်ရခဲ့ခြင်းဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

**❖ MNL မှ**

ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၁ မိနစ်တွင် နန္ဒကျော်က ပြစ်ဒဏ်ဘောမှတစ်ဆင့် အဖွင့်ဂိုး သွင်းယူခဲ့သည်။ ၂၂ မိနစ်တွင် ဘယ်လိုက ဒုတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင်လည်း ရှမ်းယူနိုက်တက်အသင်းက ဆက်လက်ဖိကစားလာပြီး ၅၈ မိနစ်တွင် ဘယ်လိုက ပယ်နယ်တီမှတစ်ဆင့် တတိယဂိုး သွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၈၅ မိနစ်တွင် ကျော်သီဟဇော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်တိုက်စစ်မှူး ဘယ်လိုက ရရှိသည်။ ယခုပွဲအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၂ ပွဲကစား ရမှတ် ၃၂ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး အား/ကာသိပ္ပံအသင်းက ၁၂ ပွဲကစား ရမှတ် ၂၀ ရရှိထားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၆၁ မိနစ်တွင် အောင်မြတ်သူနှင့် ၈၆ မိနစ်တွင် အာကာတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီအသင်း ဂိုးသမား ပြည့်ဖြိုးအောင်က ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ဟံသာဝတီအသင်းက ၁၂ ပွဲကစား ရမှတ် ၁၉ မှတ်၊ မြဝတီအသင်းက ၁၂ ပွဲကစား ရမှတ် ၁၃ မှတ် ရရှိထားသည်။

**ယှဉ်ပြိုင်ကစားမည်**

ပွဲစဉ် (၁၂) နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်နှင့် ရတနာပုံ၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



# စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အကြို စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် နယ်လှည့်စာအုပ်ငှားခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များ၊ အာဇာနည်နေ့ နံရံကပ်စာစောင်များကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြပြီး နယ်လှည့်စာကြည့်တိုက်မှ စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူလေးများက စိတ်ဝင်စားစွာ ငှားရမ်းဖတ်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကော့သောင်းမြို့၌ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ကော့သောင်း ဇူလိုင် ၁၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီက ကော့သောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က စာစီစာကုံးပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ပြောကြားပြီး ကော့သောင်းမြို့နယ် အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးက "၁၉ ဇူလိုင် မမေ့နိုင်"ခေါင်းစဉ်ဖြင့် ဖြေဆိုယှဉ်ပြိုင်ကြသည်။

ယင်းနောက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ကုန်းစုံကျေးရွာ ကမ္ဘဒ္ဒာန်းရိပ်သာအတွင်း မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပရာ ဒေသခံတိုင်းရင်းသားများနှင့် အလှူရှင်များက စိုက်ပျိုးဆောင်ရွက်ကြစဉ်။ ၂၁၀

# နတ်တလင်းခရိုင်တွင် နှမ်းစပါးများရိတ်သိမ်း

နတ်တလင်း ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ဒေသတွင်းနှင့် ပြည်တွင်း စားသုံးမှုဖူလုံရေး၊ ဆန်စပါးဈေးနှုန်းတည်ငြိမ်ရေးနှင့် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် မိုးစပါးနှင့် နွေစပါးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ နတ်တလင်းခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ မိုးစပါးလျာထားဧက ၃၁၄၄၆၃ ကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် နွေစပါးလျာထားဧက ၅၈၂၇၂ ကို ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

နတ်တလင်းခရိုင်အတွင်း နွေစပါးများ ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ၃၈၉၄ ဧကကျော် ရိတ်သိမ်းပြီးကြောင်း၊ နွေစပါး ၄၆ ပေါင်ကိုက်



တင်း ၁၀၀ လျှင် ကွင်းပေါက်ဈေး ၁၂ သိန်းကျပ်ဖြင့် ကုန်သည်များက ကွင်းထဲအရောက် လာရောက်ဝယ်ယူမှုရှိကြောင်းနှင့် ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၁၀၀၀ ဈေးနှုန်းရှိကြောင်း သိရသည်။

# ဈေးနှုန်းအမြင့်ဖြင့် တည်ငြိမ်နေသော ပြည်နှမ်း

ပြည် ဇူလိုင် ၁၇

ပဲခူး တိုင်းဒေသကြီး ပြည်ခရိုင်တွင် မိုးနှမ်းများ စိုက်ပျိုးထားရှိပြီး မိုးနှမ်း စိုက်ပျိုးဧကများ အနေဖြင့် ဇွန်လကုန်အထိ ပြည်ခရိုင်တွင် ၈၇၃၉ ဧက စိုက်ပျိုးထားရှိရာ ပေါက်ခေါင်းမြို့နယ်တွင် ၅၁၁၈ ဧက၊ပန်းတောင်းမြို့နယ်တွင် ၂၀၄၃ ဧက၊ ပြည်မြို့နယ်တွင်၁၂၁၄ ဧကနှင့် ရွှေတောင်မြို့နယ်တွင် ၃၆၄ ဧကစိုက်ပျိုးထားရှိကြောင်း သိရသည်။


နှမ်းဈေးနှုန်းများအနေဖြင့် နှမ်းနီသုံးတင်းလျှင် ကျပ် ၂၆၅၀၀၀၊ နှမ်းနက်သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀ နှင့် စမုန်နက်နှမ်းသုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၃၀၀၀၀ တို့ဖြင့် ပြည်ဈေးကွက်တွင် ဈေးနှုန်းအမြင့်ဈေးဖြင့် ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

# ဇူလိုင်လတွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ အရောင်းအဝယ်ဖြစ်

မကွေး ဇူလိုင် ၁၇

စိုက်ပျိုးရာဒေသများဖြစ်ကြသော ပေါက်၊ ဆိပ်ဖြူ၊ ရေပြာ၊ ကမ္မ၊ ရေစကြိုနှင့် ပခုက္ကူကျွန်းများမှ ဆောင်းစိုက်(ပင်စိုက်)ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်လျက်ရှိသည့်အပြင် အခြားဒေသများဖြစ်သော ပုလဲ၊ မြင်းခြံမြို့၊ တောင်သာနယ်၊ ညောင်ဦးနယ်တို့မှ ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီများအပြင် ကြက်သွန်ဖြူများလည်း ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူ ကြက်သွန်နီကုန်စည်ဒိုင်၏ ကြက်သွန်နီနှင့် ကြက်သွန်ဖြူဒိုင်ပြတ်ဈေးမှာ ပေါက်နယ် (ယောစ)ထိပ်စတစ်ပိဿာလျှင် ကျပ် ၁၉၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၁၇၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၁၆၅၀၊ ပုလဲကြက်သွန်နီထိပ်စ တစ်ပိဿာလျှင် ကျပ် ၁၈၇၅၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၁၈၀၀၊ အနိမ့်စတစ်ပိဿာလျှင်ကျပ် ၁၃၀၀ ဖြင့် ကုန်ချိန်ပိဿာ ၅၀၀၀၀ မှ ၁၀၀၀၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်နေပြီး တင်ပို့မှုအနေဖြင့် ရန်ကုန်(ဘုရင့်နောင်)၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့နေကြောင်း ကုန်သည်များထံမှ သိရသည်။



ကြက်သွန်ဖြူ(ဗမာ) ဒိုင်ပြတ်လက်ကားဈေးမှာ အရည်အသွေးပေါ်မူတည်၍ ထိပ်စတစ်ပိဿာလျှင် ကျပ် ၈၂၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၇၄၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဖြစ်ပြီး ကြက်သွန်ဖြူ (ရှမ်းစ) ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၅၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၇၀၀၀ နှင့် အနိမ့်စတစ်ပိဿာလျှင် ကျပ် ၆၅၀၀ ဖြင့် ဥပုသ်နေ့မှလွဲ၍ ကျန်ရက်များတွင် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁၇

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ဇူလိုင်လ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် နှစ်ဒေါ်လာသန်းနှင့် သွင်းကုန် တစ်ဒေါ်လာသန်းဖြင့် စုစုပေါင်း သုံးဒေါ်လာသန်းဖြစ်ပြီး ကုန်သွယ်မှု လျာထားချက်အပေါ် ၇၆ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ဇူလိုင် ၁၄ ရက်နေ့အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော ၄၆၄၈ တန်၊ Iron Concentrate (Fe–64.512% / Fe–60.751%) ၆၀၂ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ကွန်ပေါင်းခတ်မြေသြဇာ ၁၃၈၄ တန်၊ သံချောင်း ၄၆ ဒသမ ၃ တန်၊ သံပိုက် ၁၃၅ ဒသမ၉ တန်၊ Galvanized Iron Sheet ၁၂၃ ဒသမ ၁၀၀ တန်၊ Iron Nail ၁၇၁ တန်၊ မြက်ခင်းတု ၁၃၈ ဒသမ ၃တန်၊ Brand New Car Tyre (Size : 14.00 R 25) ၉၀ လုံး၊ ကြွေပြား ၅၁၅၀ စတုရန်းမီတာတင်သွင်းနိုင်ခဲ့ပြီး အခြားရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ပန်းသီး၊ လိမ္မော်သီးနှင့် အဝတ်အထည်များ တင်သွင်းလျက်ရှိသည်။

# မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မော်တောင် ဇူလိုင် ၁၇

မော်တောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၇၃ ဒေါ်လာသန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀.၀၀၅၁ ဒေါ်လာသန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၂၄ ဒေါ်လာသန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၇၀ ဒသမ ၅၆၀ တန်၊ ကဏန်းချေးပုံး ၁၀ ဒသမ ၈ တန်၊ ကျောက်ပုစွန် (အရှင်) ၁ ဒသမ ၀၉၅ တန်၊ ဂျင်းခရု (အရှင်) ၁၃ ဒသမ ၄ တန်၊ တံမြက်စည်း အချောင်း ၃၀၀၀၀ နှင့် ငှက်ပျောသီး တန် ၅၀ တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ မှန် ၁၀ တန်၊ ငါးသေတ္တာဘူးခွံ ငါးတန်နှင့် သစ်သီးမျိုးစုံ ၄ ဒသမ ၅ တန် တင်သွင်းနိုင်ခဲ့သည်။

ဇူလိုင် ၁၅ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ်တစ်သိန်းလျှင် ၁၁၁၀ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၀ ဒသမ ၀၉ ကျပ်ခန့်ရှိကြောင်းနှင့် ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ဘတ်ဈေးအနည်းငယ်မြင့်တက်လျက်ရှိကြောင်း သိရသည်။

## ၁၇-၇-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ရေတတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၂၀၀၀ | ၈၇၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၅၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၃၅၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၂၆၀၀ | ၉၀၀၀ | ၇၃၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၄၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၄၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၆၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၇၉၀၀ | ၉၅၀၀ | ၄၈၀၀ | ၈၅၀၀ | ၅၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၅၀၀၀ | ၆၉၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၃၀၀ | ၈၅၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၃၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၅၀၀ | ၂၅၀၀ | ၄၃၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | | ၁၃၅၀၀ | ၇၂၀၀ | ၁၉၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၇၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၆၅၀ | ၇၇၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၉၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၂၈၀၀ | ၂၇၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၆၂၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | | ၁၄၅၀၀ | ၆၆၀၀ | ၁၈၅၀၀ | ၂၄၀၀ | ၆၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၇၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံနှင့် မုံရွာတွင် ၅၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် တောင်ကြီးတွင် ၃၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီးနှင့် ထားဝယ်တွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ မန်ကျည်းသီးတစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ ထားဝယ်တွင် ၄၀၀ကျပ်၊ ပြည်တွင် ၁၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ မုံရွာ၊ မန္တလေးနှင့် ပဲခူးတွင် ၂၀၀ကျပ်၊ ပြည်တွင် ၄၀၀ကျပ်၊ ရေတတ်ခြောက် တစ်ပိဿာလျှင် ထားဝယ်တွင် ၂၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) နှင့် နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀ကျပ်၊ ပြည်တွင် ၅၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ဘားအံတွင် ၃၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် တောင်ကြီး တွင် ၄၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၈-U-10)၊ မြေကွက်အမှတ်-၃၈၁၊ မဟာဂန္ဓာရုံလမ်း၊ အလျား(၈၀)ပေ× အနံ(၆၀)ပေ၊ ဧရိယာ(၀.၁၁)ဧက၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတိုးအောင်(၁၂/မရက(နိုင်)၀၁၈၇၃၃)မှ အမည်ပေါက်ပြီး ဦးစိုးမိုးနိုင်(၁၂/ကတန(နိုင်)၀၇၂၉၁၇)မှ စာချုပ်အစပ်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းမေသိန်း(၁၃/မဆတ(နိုင်)၀၄၄၀၆၇)မှ စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်ဖြူဖြူသန့်**
LL.B., D.B.L., WIPO-101(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)

**ဒေါ်လှိုင်ယဉ်မွန်**
LL.B
အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၈၊ ၄၁-လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၄၂၅၊ စေတနာ(၂)လမ်း၊ အလျား(၄၀)ပေ × အနံ(၆၀)ပေ၊ အကျယ်အဝန်း(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှရွှေမှ အမည်ပေါက်ပြီး (၁)ဒေါ်သက်သက်ရွှေ(၁၂/တမန(နိုင်)၀၀၂၁၆၅)၊ (၂)ဒေါ်သုသုရွှေ(၁၂/တမန(နိုင်)၀၀၂၁၆၆)တို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်မင်း(၁၄/ဝခမ(နိုင်)၁၃၈၀၉၅)မှ စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်ဖြူဖြူသန့်**
LL.B., D.B.L., WIPO-101(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)

**ဒေါ်လှိုင်ယဉ်မွန်**
LL.B
အထက်တန်းရှေ့နေ (စဉ်-၄၀၆၄၈)

အမှတ်-၁၂၈၊ ၄၁-လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၆/ဘီ၊ မြေကွက်အမှတ်- ၁၁၄၊ အကျယ်အဝန်း (၈၀ပေx၈၀ပေ)ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးအောင်ရဲကျော် [၁၂/ဒဂန(နိုင်)၀၁၃၁၆၆] (RGN-၀၀၅၃၂၁) အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ခင်ပွန်းဖြစ်သူ ဦးအောင်ရဲကျော် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ဇနီးဖြစ်သူ ဒေါ်နီနီကျော် [၁၂/ဒဂန(နိုင်)၀၀၅၇၃၆]မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေရာ ဒေါ်နီနီကျော်၏ ကျန်းမာရေးအခြေအနေကြောင့် ၎င်းတို့၏သားသမီး (၆)ဦးတို့မှ စရန်ငွေအား လက်ခံထားရှိပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၆၅)**
**အမှတ် (၃၈၈)၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံတောင်စက်မှုဇုန်၊ (၁၄၄)ရပ်ကွက်၊ လက်ဝဲသုန္ဒရဦးမြတ်စံလမ်း၊ အမှတ်(၉၉)တွင် ရုံးခန်းတည်ရှိသော HTOO KAUNG MYAT COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၀၃၂၇၆၂၁)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား ကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် ရန်ကုန်မြို့တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၅၈၃၇/၂၀၂၃)ဖြင့် (၂၀-၆-၂၀၂၃)နေ့က မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ "Pai"(ပိုင်) ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ Cheese အရသာရှိ Snack မုန့်အမျိုးမျိုး၊ အာလူး၊ ဆန်၊ ပြောင်း၊ ပဲ၊ ဂျုံ၊ နှမ်းနှင့် ငရုတ်သီးတို့မှ ထုတ်လုပ်သည့်အခြားစားသောက်ကုန်အမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချီရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီ၏မူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ကုမ္ပဏီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာမာ (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၄၈၆)**
**(B.Econ,H.G.P,D.B.L,P.G.D.L,D.L.101,WIPO(Geneva)**
**အမှတ်(၁၀၂/က)၊ မဟာဗောဂလမ်း၊ (၈)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၃၀၃၅၆၅၈၊ ၀၉-၇၆၆၁၇၉၃၉၇**

## "ပြင်ဆင်ဖတ်ရှုပါရန်"

(၅-၆-၂၀၂၃)ရက်နေ့ ကြေးမုံ သတင်းစာ စာမျက်နှာ (၂၅)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်စုစုငြိမ်း "အများသိစေရန် ကြေညာချက်" ကြော်ငြာတွင် မြေကွက်တစ်ခုလုံး၏ အကျယ်အဝန်းအား (အလျား ၄၀ပေx အနံ ၆၀ပေ)ကို (အလျား ၅၀ပေx အနံ ၆၀ပေ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ဖအိုင်းကျေးရွာအုပ်စု၊ ဖအိုင်း(အရှေ့) ကျေးရွာနေ အဖ ဦးစိုးလွင်၏သား ကျွန်တော် မောင်ခိုင်စိုးဦး [၈/စတရ (နိုင်) ၀၃၅၀၁၃]၏ ယခင် နိုင်ငံကူးလက်မှတ် အမှတ် (MC-771610) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် ။

**ဖုန်း- ၀၉-၆၉၀၉၀၆၈၀၃**

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

## "အများသိရှိစေရန်"

**ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၁၉၇/ခ) ဟုခေါ်တွင်သော မြေကွက်ကြီးပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈ ½)ထပ် (Liftပါ) ကန်ထရိုက်တိုက်အဆောက်အဦမှ (၁၅ပေx၆၀ပေ)ရှိ ရောင်းချသူ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသည့် အခန်းအမှတ် (4-B) လူနေတိုက်ခန်း ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူမည်ဖြစ်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ပါ တိုက်ခန်းနှင့်ပတ်သက်၍ တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ကြည်ပြာရွှေ [၁၂/သကတ(နိုင်)၁၇၅၁၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှမောင် [၁၂/ဥကတ(နိုင်)၀၂၃၉၉၄] ကိုင်ဆောင်သူက အထက်ပါအခန်းကို ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်တင် LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၃၆/၈၅) (၂၅-၉-၁၉၈၅)**
**အမှတ်-၁၅၃/ဘီ၊ (ပ-ထပ်)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၅၀၇၀၈၇၀၊ ၀၉-၉၅၅၀၇၀၈၇၀**

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ် မြေတိုင်းရပ်ကွက် သကတ--၁၃ ရွှေဥက္ကာရပ်ကွက်၊ ပတ္တမြားလမ်း မြေကွက်အမှတ်(၅၅၄/စ) (ပေ ၂၀xပေ၆၀)မြေကွက်နှင့်ပတ်သက်၍
**အများသိစေရန်ကြော်ငြာ**

ဖေါ်ပြပါနှစ်(၆၀)ဂရန်မြေကွက်မှာအမည်ပေါက် ဦးကျော်စွာဝင်း(၁၂/ထတပ (နိုင်)၀၀၀၆၈၂) ဖြစ်ပြီး၊ အမည်ပေါက်က အဆိုပါမြေကွက်ကို မိမိတရားဝင်နေထိုင်ပိုင်ဆိုင်ကြောင်း၊ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နွဲ့ရီဝင်း(၈/တကက(နိုင်)၁၂၃၇၈၀ ကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်ကိုကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ခိုင်မာသောစာရွက်စာတမ်းမူရင်းများဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကိုပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်မြင့်သိန်း (မော်ကျွန်း)
အထက်တန်းရှေ့နေ (စဉ် ၆၄၃၇/၁၉၈၀)
အမှတ် -၉၅၈၊ ဗိုလ်အောင်ကျော်လမ်း၊ (၇)ရပ်ကွက်၊
လှိုင်သာယာမြို့နယ်။ဖုန်း ၀၉၇၈၇၂၁၇၈၄၄၊၀၉ ၄၂၀၀၉၅၈၄၄

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် (၁၅၇၀)နေ ဒေါ်မြင့်မြင့်ကြည် (ခ) ဒေါ်မိုးမိုး [၁၄/ရကန(နိုင်)၀၇၀၃၈၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ မြတ်လေးလမ်းရှိ ကွင်း/အကွက်အမှတ် (၂၆၊ ကျိုက်ဇောဓိမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၈၀)၊ ဧရိယာ (၂.၉၆၇)ဧက အကျယ်ရှိ ဦးကျော်စိန်အမည်ပေါက် (မြို့မြေ) အမျိုးအစားမြေကွက်အတွင်းမှ ဧရိယာ (၀.၀၉၀)ဧက၊ (အလျား ၆၈ပေx အနံ ၆၀ပေ) အကျယ်ရှိ မြေကွက်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်သူ ဦးထင်ကျော် [၁၂/တမန(နိုင်)၀၅၄၅၂၅]ထံမှ ဒေါ်နီနီဝင်းမောင် [၁၂/ကတန(နိုင်) ၀၀၀၂၄၃]က (၂၄-၁၂- ၂၀၂၀)ရက်နေ့တွင် ဝယ်ယူပြီး အရှုပ်အရှင်းကင်းစွာ လက်ရှိထားပိုင်ဆိုင် အကျိုးခံစားခွင့်ရှိကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကာ ရောင်းချပိုင်ခွင့်ရှိသူဟုပြောဆို ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ ဒေါ်မြင့်မြင့်ကြည် (ခ) ဒေါ်မိုးမိုးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါဝင်းစိန်LLB,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၆၃)**
**အမှတ် (၆)ရပ်ကွက်၊ နတ်စင်တရာဘုရားရှေ့လမ်း၊**
**အောင်သုခမေ္မရိပ်သာအနီး၊ မြို့ပြကွက်သစ်၊ ဘုရားကုန်းကျေးရွာ၊**
**သန်လျင်မြို့။ ၀၉-၄၂၁၀၂၁၈၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၉)၊ မြေကွက်အမှတ်(၉၄၀)၊ အနော်ရထာလမ်း၊ မြေအကျယ်အဝန်း (၂၄၀၀) စတုရန်းပေ မြေကွက်နှင့် အုတ်ဝင်းထရံကာရံထားသော မြေကွက်သီးသန့်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံကိန်းနှင့် မြေစီမံမှုဌာနတွင် ယခင် အိုးအိမ်မြေချပါမစ် အမည်ပေါက် ဦးခင်ဋ္ဌေး [၁၂/ဗဟန(နိုင်) ၀၈၀၉၀၉]အဖြစ် မှတ်သားထားရှိကာ ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလာသူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၇)ရပ်ကွက်၊ အောင်ဇမ္ဗူလမ်း၊ အိမ်အမှတ် (၁၅၃၀)နေ ၁။ [၁၂/ကတတ(ပြု) ၀၀၉၄၅၈] - ဦးဆန်ဂျေကူမာရ်၊ ၂။ [၁၂/ရကန(နိုင်)၀၈၂၄၆၄]-ဒေါ်ချစ်မိုးပွင့် တို့နှစ်ဦးအား ကျွန်ုပ်မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသဖြင့် မြေပိုင်ဆိုင်ခွင့်အကျိုးတစ်စုံတစ်ရာရှိသူများသည် ခိုင်လုံသော သက်သေခံအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ ကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ မြေအရောင်းအဝယ်ကို အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**စရန်ငွေပေးဝယ်ယူသူ**
**ဦးတင်အောင် [၁၂/ရပသ(နိုင်) ၀၁၀၃၄၂]၊**
**အမှတ်(၇၆၇)၊ မြရတနာ(၆)လမ်း၊**
**(၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း- ၀၉-၂၅၀၀၁၈၅၁၉၊ ၀၉-၅၁၆၁၆၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၅၆/က)၊ ခနအောင်လမ်း၊ (၂၉) ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်- ၃၀-သုဝဏ္ဏ (လူသုံးကုန်)၊ မြေကွက်အမှတ် (၅၆/က)၊ ဧရိယာ (၀.၀၈၇)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေသည် ဒေါ်ခင်ရူပါမောင် [၁၂/မဂတ(နိုင်)၀၈၈၂၂၈]၊ ဦးပြည်သာကျော် [၁၂/မဂတ(နိုင်)၀၉၄၃၉၁]တို့မှ အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ၎င်းတို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဝေ (စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁) ရပ်ကွက်၊ ၂၇-လမ်း၊ အမှတ် (၆၄/၆၆)၊ (၂၅ပေx၅၀ပေ) အကျယ်အဝန်းရှိ (၁)ခန်းတွဲ (၇)ထပ်တိုက်၏ တတိယထပ်၊ ၄-လွှာတိုက်ခန်းသည် ဦးကျင်တီ [၁၂/လမတ(နိုင်)၀၁၇၈၃၃]မှ တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝေ (စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၄၅)ရပ်ကွက်၊ အမှတ်(၁၈၃၅)၊ အကျယ်အဝန်း (၄၀x၆၀)ပေ ဦးဝင်းဆွေ(ခ)ဦးစောဝင်း မြေချပါမစ်မြေကွက်အား အရောင်းအဝယ်စာချုပ်အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ထားရှိသူ ဒေါ်ခင်သန်းနွယ် [၁၂/ဒဂဆ(နိုင်)၀၃၀၈၂၂] ကိုင်ဆောင်သူမှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ သဘောတူသည့်အလျောက် ကျွန်တော် ဦးရဲမင်းထက် [၇/ကပက(နိုင်)၀၉၂၀၃၂]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားစာရွက်စာတမ်း စာချုပ်မူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲမင်းထက်**
**ဖုန်း-၀၉-၅၀၇၀၂၂၇၊ ၀၉-၄၂၁၀၇၈၂၄၁**

## သွာနုတ္တသားအဖြစ်သတ်မှတ်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ထုံးဘိုကျေးရွာအုပ်စု၊ နောင်လုံးရွာတွင် နေထိုင်သူများဖြစ်ကြသော (အဖ) ဦးတင်မောင် [၉/မမန(နိုင်)၀၅၄၆၁၉] နှင့် (အမိ) ဒေါ်တင်မေ [၉/မမန(နိုင်) ၀၅၄၃၉၈]တို့၏ သားဖြစ်သူ ဦးတင်စိုး [၉/ပဥလ(နိုင်)၀၅၃၃၇၇]အား မိဘများမှ ကျွေးမွေးပြုစုထိန်းသိမ်းစောင့်ရှောက်၍ ကြီးပြင်းလာခဲ့ပြီးနောက် ယခုအခါ သားဖြစ်သူ ဦးတင်စိုး [၉/ပဥလ(နိုင်)၀၅၃၃၇၇] မှာ မိခင် ဒေါ်တင်မေအပေါ် ရန်သူသဖွယ် ပြုမူပြောဆိုလေ့ရှိသည့်အပြင် မိခင် ဒေါ်တင်မေအပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ခဲ့ပြီး ကိုယ်အမူအရာများဖြင့် စော်ကားခြင်းတို့ ပြုလုပ်ခဲ့သောကြောင့် ယနေ့မှစ၍ ဦးတင်စိုး [၉/ပဥလ(နိုင်)၀၅၃၃၇၇]အား သွာနုတ္တသားအဖြစ်သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။ သွာနုတ္တသားအဖြစ်သတ်မှတ်သူ ဦးတင်စိုး [၉/ပဥလ(နိုင်)၀၅၃၃၇၇]နှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်သူ**
**ဒေါ်တင်မေ**

**လွှဲအပ်ချက်အရ**
**ဒေါ်ဇာဇာ LL.B**
**အထက်တန်းရှေ့နေ (စဉ်-၅၅၄၆၂)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ -၉၇၃၉၉၉၈၂၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိကျောင်းလမ်း၊ မြေကွက်အမှတ် (၂၀၆/၃၃၁၆) ဟုခေါ်တွင်သည့် အကျယ်အဝန်း (အလျား ၈၆/၉၆ပေ x အနံ ၄၂/၆၀ ပေ)= ၄၅၀၀ စတုရန်းပေရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးဘုန်းမော်** [၁၂/စခန(နိုင်)၀၂၃၅၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အကယ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်၊ တစ်ပတ်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လင်းအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၃၁/၂၀၁၄)**
**အခန်း(၃)၊ ၇-လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၇၂၁၈၅၊ ၀၉-၇၆၅၀၇၂၁၈၅**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး
## အမှတ်(၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊
## ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော သံဃာ/သီလရှင်များအတွက် အသုံးပြုရန် အောက်ဖော်ပြပါဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) ဆေးဝါးနှင့်ဆေးပစ္စည်းများ

(ခ ) ခွဲစိတ်ခွဲခန်းသုံးဆေးရည်နှင့်ဆေးပစ္စည်းများ

(ဂ ) ဓာတ်မှန်ဖလင်နှင့် ဓာတ်မှန်ဘက်ဆိုင်ရာဆေးပစ္စည်းများ

၂။ တင်ဒါပုံစံစတင်ရောင်းချမည့် – ၂၀–၇–၂၀၂၃ (ကြာသပတေးနေ့)
နေ့ရက်/အချိန် – နံနက်(၉:၀၀)နာရီ
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် – ၂၁–၈– ၂၀၂၃ (တနင်္လာနေ့)
နေ့ရက်/အချိန် – မွန်းလွဲ (၃:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သောအချက်အလက်များ သိရှိလိုပါက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဆေးသိုလှောင်ရေးဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဖုန်းအမှတ် – ၀၉–၇၃၀၀၆၄၄၆ ၊ ၀၉–၄၃၀၈၈၁၅၁

**ဆေးရုံအုပ်ချုပ်ရေးအဖွဲ့**
**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး**
**ရန်ကုန်မြို့**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် Global Fund အဖွဲ့၏ရန်ပုံငွေ RAI3E (2021–2023) ဖြင့် ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနစိတ်၊ ရန်ကုန်ရုံးခွဲ (ကြို့ကုန်း)တွင် အောက်ဖော်ပြပါ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါအမှတ် – (Tender/ NMCP/VBDC Warehouse/Reno/2023/1) အား ခေါ်ယူအပ်ပါသည်။

(က) အလျား ၁၂၉၁ ပေ၊ အနံ ၂၀'၊ အထူ ၈ လက်မရှိသော ကွန်ကရစ်လမ်း Lot–1 တည်ဆောက်ခြင်းလုပ်ငန်း၊

(ခ) အလျား ၄၅၀ ပေ၊ အမြင့် ၇ ပေ ရှိသော အုတ်တံတိုင်း တည်ဆောက်ခြင်း Lot 2 လုပ်ငန်း၊

(ဂ) နှစ်ထပ်ရုံးအဆောက်အဦ၏ ရှေ့မျက်နှာစာ၊ ဘေးဘက်၊ အပြင်နံရံနှင့် Lot–3 အတွင်းနံရံများဆေးသုတ်ခြင်းလုပ်ငန်း၊

တင်ဒါလျှောက်လွှာအား ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနစိတ်၊ ရောဂါနှိမ်နင်းရေးရုံး၊ ခုတင် (၁၀၀၀) ဆေးရုံဝင်း၊ နေပြည်တော်၌ လူကိုယ်တိုင် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

တင်ဒါစတင်သည့်ရက် – (၂၀–၇–၂၀၂၃)ရက်
တင်ဒါပိတ်သိမ်းမည့် – (၃–၈–၂၀၂၃) ရက်
ရက်နှင့် အချိန် မွန်းတည့် (၁၂:၀၀) နာရီ

ဆက်သွယ်ရန် – ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနစိတ်၊ ရောဂါနှိမ်နင်းရေးရုံး၊ ခုတင် (၁၀၀၀) ဆေးရုံဝင်း၊ နေပြည်တော်၊ ဖုန်း–၀၆၇–၄၂၂၅၆၅၊ ၀၉–၇၉၉၅၅၃၆၈၇

**တင်ဒါလက်ခံစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၂၉၂/ဘီ)၊ ပထမထပ်၊ အခန်းအမှတ်(၉)၊ အကျယ်အဝန်း (၁၅ ပေ x ၆၀ပေ)ရှိ ဟောင်ကောင်(၂–လွှာ)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးစိန် [၁/မညန(နိုင်)၀၀၀၆၉၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်–၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း –၀၉–၉၇၅၀၂၁၈၄၁**

## (၁၉–၆–၂၀၂၃)ရက်နေ့ထုတ်၊ ကြေးမုံတင်းစာ စာမျက်နှာ(၃၀)ပါ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ စည်ပင်လမ်း၊ မြေကွက်အမှတ်–၁၀၁၊ အလျား၄၃.၉ ပေx အနံ ၆၀ပေပေါ်ရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်စပ်လျဉ်း၍ အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်ကိုပြန်လည်ရုပ်သိမ်းပါကြောင်း

အထက်ကြေညာချက်ပါ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏အမှုသည် ဦးအေးမြင့် [၁၂/လကန(နိုင်)၀၃၀၆၁၀]မှ ၎င်းနှင့်လုံးဝမသက်ဆိုင်ကြောင်းနှင့် (လုံးဝ)အပြီးအပိုင် စွန့်လွှတ်ပြီးကြောင်း၊ ဇနီး ဒေါ်သန်းကြည်နှင့်သမီး ဒေါ်ဝေဝေမြင့် ပါ(၅)ဦးတို့နှင့်သာ သက်ဆိုင်ပါကြောင်း၊ ကျမ်းကျိန်ကတိပြုလွှာအမှတ်–၄၁၇/ (၅–၆–၂၀၂၃) ဖြင့် ကျွန်ုပ်ထံလွှဲအပ်ကြော်ငြာစာ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၀)၌ ဖော်ပြကြော်ငြာခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အထက်ဖော်ပြပါမိသားစုဝင်များသဘောတူညှိနှိုင်းပြေလည်မှုအရ (၁၉–၆–၂၀၂၃) ရက်ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါကြေညာချက်ကို ရုပ်သိမ်းပါကြောင်းနှင့် တရားရုံးကျမ်းကျိန်ကတိပြုလွှာအမှတ်–၄၁၇/၅–၆–၂၀၂၃အား ဆက်လက်သုံးစွဲရန် ဆန္ဒမရှိတော့ပါကြောင်းကြေညာအပ်ပါသည်။

**ကျွန်ုပ်၏အမှုသည် ဦးအေးမြင့် [၁၂/လကန(နိုင်)၀၃၀၆၁၀]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းထွန်း (ဝါးခယ်မ) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၀၂၀/၂၀၁၁)**
**အမှတ်–၂၃(က) (ကန်ရှေ့)ဘုရင့်နောင်လမ်းမ၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၁၁၈၃၂၆၊ ၀၉–၂၅၄၄၇၁၁၇၁**

# ဗိုလ်လောင်းလျှောက်လွှာများ
# အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၂–၆–၂၀၂၃ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁–၇–၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆–၂၀၃၃၁၊ ၀၃၆–၂၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## မတည်ရင်းနှီးငွေလျှော့ချကြောင်းကြေညာခြင်း

XD GROUP COMPANY LIMITED ၏ (14–7–2023)ရက်တွင် ကျင်းပသော ရှယ်ယာရှင်များ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေကျပ်သိန်း(5000)မှ ကျပ်သိန်း(50)သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**XD Group Co.,Ltd**

## အများသိစေရန်ကြေညာခြင်း

ဒေါ်တင်တင်မာ [၁၄/အမန(နိုင်)၁၄၇၅၆၀]နှင့် ဦးသိန်းဇော် [၁၂/လသယ(နိုင်)၀၅၄၂၁၀]တို့သည် ၃–၇–၂၀၂၃ ရက်နေ့က အင်းစိန်မြို့နယ် တရားရုံးတွင် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။ ဦးသိန်းဇော်နှင့် ကွာရှင်းပြတ်စဲပြီးဖြစ်၍ ဦးသိန်းဇော်၏ ကိစ္စအရပ်ရပ်များသည် ကျွန်ုပ်၏အမှုသည် ဒေါ်တင်တင်မာနှင့် လုံးဝ(လုံးဝ) ပတ်သက်ခြင်းမရှိကြောင်းနှင့် နောက်နောင် ကျွန်ုပ်၏အမှုသည် ဒေါ်တင်တင်မာ၏ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးများတွင် ဦးသိန်းဇော်ကဖြစ်စေ၊ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ ကန့်ကွက်ခြင်း၊ စွက်ဖက်ခြင်း၊ ဂုဏ်သရေ ထိခိုက်ညှိုးနွမ်းအောင် ပြုမူပြောဆို ဆောင်ရွက်ခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ ယင်းသို့ ပြုမူဆောင်ရွက်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**တရားလွှတ်တော်ရှေ့နေ ဦးအေးနိုင်**
**LL.B,D.B.L,D.M.L Advocate**
**(စဉ်–၅၀၈၇/၉–၈–၁၉၈၉)**
**အမှတ်–၅၅၊ အခန်းအမှတ်–၂၆၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph–095087667, 09421003885, 09402060406**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၃၁၈)၊ ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ(၂)ခန်းတွဲ(၆)ထပ်တိုက်၏ ဒုတိယထပ်(ခြေရင်းခန်း) (အလျား၁၂ပေ x အနံ ၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသော ဦးအောင်သန်းဌေး [၁၂/ရကန(နိုင်)၀၆၂၄၂၉] ကိုယ်တိုင်ထံမှ အပြီးအပိုင် ဝယ်ယူရန် တိုက်ခန်း၏တန်ဖိုးအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်စိန် [၁၂/ရကန(နိုင်)၀၅၅၁၁၁]က ငွေတစ်စိတ်တစ်ဒေသ (စရန်ငွေ) ပေးချေပြီးဖြစ်၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိက္ကန္ဒြာဖြူ**
**L.L.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၀၀၇)**
**အမှတ်(၁၅၆)၊ ဗိုလ်ချုပ်လမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၁၃၈၉၂**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၅၃ ၊ မြေကွက်အမှတ်- ၇၂၃၊ ဧရိယာ- ၄၀ ပေ × ၆၀ ပေ ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးတင်ဝင်း (၁၂/အစန (နိုင်) ၀၇၂၅၂၄) ၏ အမည်ဖြင့်ခွင့်ပြုချထားပေးသော မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် အပြီးအပိုင်ဝယ်ယူထား၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်စိုး (၁၂/ရကန (နိုင်) ၀၄၈၆၉၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဦးပုညလမ်း၊ အမှတ်(၂၄၂)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-(၃၂)၊လူနေရပ်ကွက်(-)၊မြေကွက်အမှတ်-(၂၄၂)၊ဧရိယာ(၀ ·၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနရှိမြို့မြေစာရင်းမှတ်တမ်းတွင်မြေငှါးစာချုပ်အမှုတွဲအမှတ်-၀၉၁၉၂၇/ဒဂမ-၃၂/ရေ(၂)အရဦးချစ်ဆွေ(PAN-115289) အမည်ဖြင့်မှတ်သားတည်ရှိပြီးအဆိုပါမြေကွက်ကြီးအနက်မှတရားဝင်မခွဲမစိတ်ရသေးသည့်ဧရိယာ(ခေါင်းရင်းခြမ်း)ရှိမြေဧရိယာ(၂၀ပေ×၆၀ပေ)အားမြေအမည်ပေါက်သူမှ မိမိပိုင်ဆိုင်သောမြေကွက်ဖြစ်ကြောင်း၊ရောင်းချပိုင်ခွင့်၊စီမံခန့်ခွဲပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း၊တို့ဝန်ခံပြောဆို၍ရောင်းချလိုကြောင်း၊ကမ်းလှမ်းခဲ့ရာကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို(စရန်ငွေ)အဖြစ် ရောင်းချသူထံပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းမူရင်း၊စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့် သူမရှိပါက အဆိုပါအရောင်းအဝယ်ကိုပြီးမြောက်သည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
**ဒေါ်ချိုသဲမေ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၀၇)**
**ဖုန်း–၀၉–၄၂၀၀၇၀၄၉၊ ၀၉–၇၉၉၆၁၅၂၀၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ တိုက်အမှတ်(၇၃/၇၅) ပေါ်တွင် ဆောက်လုပ်ထားသော (၃) ခန်းတွဲ ၊ (၈) ထပ်တိုက်၏ ဆဋ္ဌမထပ် (၇–လွှာ/ဘီ)၊ (အလယ်ခန်း)၊ အကျယ်အဝန်း ( ၁၅ x ၅၀ ) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ/မီး အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဒေါ်ရတနာမင်းရွှေ [၁၂/ရကန(နိုင်)၀၆၀၃၂၁] အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်–၁၀၀၆၃)** | **LL.B, DBL (စဉ်–၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း–၀၉–၄၂၁၀၃၅၉၆၃** | **ဖုန်း–၀၉ – ၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ဦးသိန်းအောင် (ချောင်းဦး)
**စီမံကိန်းမန်နေဂျာ(ငြိမ်း)**
**ရန်ကုန်-ပြည်လမ်းတိုးချဲ့ပြုပြင်ရေးစီမံကိန်းဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၃၃၄)၊ ကျွန်းရွှေမြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်အမာကြည် (အလပြ-ငြိမ်း၊ အထက-၂၊ ရန်ကင်း)၏ ခင်ပွန်း၊ ဒေါ်ခင်မိုးမိုးအောင်-ဦးအာနိုး၊ ဦးသင်းထွန်းအောင်-ဒေါ်ချိုချိုဝင်း၊ ဦးရန်အောင်လင်း-Dr. ခင်နေနွယ်ထွန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မခင်သီရိသင်း၊ မောင်ဉာဏ်လင်းဘိုဘို၊ မဟေမန်နွယ်လင်း၊ မသစ်သစ်နွယ်လင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၁၇-၇-၂၀၂၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၂၃ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဆေးရုံ၊ အလှူဒါယိကာမကြီး**
## ဒေါ်ခင်ခင်ချို
**(555) သောက်ရေသန့်**
**အသက် (၅၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ (၁၉)လမ်း၊ အမှတ် (၈၈၁)နေ ဦးအောင်သိန်း-(ဒေါ်သိန်းမှတ်)တို့၏ သမီး၊ ဦးရွှေလှဝင်း-ဒေါ်သန်းသန်းဦး (USA)၊ (ဦးသိန်းထွန်းအောင်)၊ ဒေါ်အေးအေးသန်းတို့၏ ညီမ၊ ဦးသန်းထွန်းအောင်-မတင်ရတနာထွဋ်၊ ဝင်းမောင်မောင်တို့၏ အစ်မ၊ တူ/တူမငါးယောက်တို့၏ အဒေါ်သည် ၁၆-၇-၂၀၂၃ ရက် မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၈-၇-၂၀၂၃ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဒေါ်စိုးစိုးအုန်း
**အသက်(၅၇)နှစ်**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်စိုးစိုးအုန်းသည် ၁၆-၇-၂၀၂၃ ရက် (တနင်္ဂနွေနေ့) ၁၂:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Senior8(ဇီးပင်ကြီး)မှ ညီအစ်ကိုမောင်နှမများ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (တ/၃)၊ အလျား ပေ၄၀x အနံ ပေ ၁၀၀၊ ဧရိယာ (၀.၀၉၂ ဧက) အကျယ်အဝန်းရှိသော မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မင်းရဲကျော်စွာလမ်းမ၊ မြေကွက်အမှတ် (တ/၃)ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ဖြစ်သူ ဦးဝင်းစိန်(ခ)လော်ဝင်းစိန် [၁၂/ဥကတ(နိုင်)၀၀၀၄၁၃]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်တင်စုဝေ (LL.B,D.B.L,M.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၂၈)**
**အမှတ်- ၁၅၀ (၈ဘီ)၊ မိုးမြင့်စံကွန်ဒို၊ ရန်ကုန်-အင်းစိန်လမ်းမ၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၅၂၆၅၅၆၅၈၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၂၆၅၃၈၈၇၅၈**

---

### ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ စိန်ပန်းလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့်၊ မြေကွက်အမှတ် (၅၁၈)၊အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ ဗိုလ်မှူးကြီးစိုးဝင်း (YSO-၁၂၂၀၂၁) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်အပါအဝင် အဆိုပါမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်ဝင်းသစ်နွယ် [၁၄/မမန(နိုင်)၁၅၄၆၀၄]မှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူကာ လက်ဝယ်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** | **ဒေါ်ချယ်ရီဝင်း(LL.B,W.I.P.O(Switzerland))** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁ )** |

**အမှတ်-(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၀၉၃၂**

---

**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**
**သက်ကြီးကန်တော့ခံအဘွား**
## ဒေါ်ခင်ဆွေ(ခ)ဒေါ်ခင်လှ
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သံလမ်း၊ အမှတ် (၁၆၁)နေ (ဦးချစ်တင်-ဒေါ်စိန်တင်)တို့၏ သမီး၊ (ဦးအောင်သိန်း)၏ ဇနီး၊ (ဦးဟန်တင်-ဒေါ်ခင်သန်း)တို့၏ ညီမ၊ (ဦးသိန်းမြင့်)-ဒေါ်ရင်မေ၊ (ဦးအောင်ဝင်း-ဒေါ်နုနုလွင်)၊ (ဦးဝင်နိုင်)-ဒေါ်ခင်အေးမိတို့၏ အစ်မကြီးသည် ၁၅-၇-၂၀၂၃ (စနေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၂၃ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် အသင်းသူ၊ အသင်းသားများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းကြည် (ခ) ဦးကာလီပါး
**အသက် (၆၉)နှစ်**

(ဦးအာရ်မွန်-ဒေါ်အုန်းမြိုင်)တို့၏ သားကြီး၊ ကိုသာအေး(ခ) ကိုခင်စိုး- မအေးအေးအောင်၊ မခင်သန္တာဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်လှဝင်း၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းကြည်(ခ)ဦးကာလီပါး အသက်(၆၉)နှစ်သည် ၈-၇-၂၀၂၃ (စနေနေ့) နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(ဦးအာရ်မွန်-ဒေါ်အုန်းမြိုင်)တို့၏ သား/သမီးများ-**
**ဦးမြင့်ကြည်-ဒေါ်အေးအေးနွဲ့၊ (ဦးရင်မြင့်)-ဒေါ်တင်ဌေး၊**
**(ဦးသိန်းထွန်း )-ဒေါ်တင်အေး၊ (ဦးအောင်သူ)၊**
**ဦးခင်မောင်-(ဒေါ်မြင့်မော်)၊**
**ဦးအာလူး(ခ)ဦးကျော်မြင့်-ဒေါ်ခင်မာလာစိုး၊**
**ဦးညီညီဝင်း၊ ဦးရဲလူ-ဒေါ်ယမင်းဌေး**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၂)၊ မြေကွက်အမှတ် (၁၃၂၄)၊ အောင်ဘောဂလမ်းသွယ်၊ ဒေါ်သောင်းတင် အမည်ပေါက် မြေချပါမစ်မြေကွက်၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)အနက်မှ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေကွက်နေအိမ်အကျိုးခံစားခွင့်များအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသူရိန်ထက် [၁၂/ဥကတ(နိုင်)၁၈၆၉၆၅]၊ ဒေါ်ခင်စန်းအေး [၁၂/ဥကတ(နိုင်)၁၃၇၇၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းကို** | **ဦးညီညီအောင်** |
| **H.G.P** | **LL.B, DL.101 WIPO (Switzerland)** |
| **အထက်တန်းရှေ့နေ (စဉ် -၅၅၀၃၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ် -၁၄၃၇၁)** |
| **အမှတ်(၅၅၂)၊ မြဝတီမင်းကြီးလမ်း၊** | **အမှတ်(၁၇၂/B)၊ ၄-လွှာ(အလယ်)၊** |
| **(၁၇)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊** | **ဗိုလ်မင်းရောင်လမ်း၊** |
| **မြောက်ဥက္ကလာပမြို့နယ်၊** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ရန်ကုန်မြို့။ ဖုန်း-၀၉-၈၉၁၉၄၉၄၅၉၊** | **ဖုန်း -၀၉-၇၃၁၆၀၁၈၆၊** |
| **၀၉-၇၇၇၁၀၄၂၃၇** | **၀၉-၇၇၈၉၂၀၃၂၀** |

---

### "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန် (City Loft) တိုက်အမှတ် CL6 (B5)၊ အခန်းအမှတ် (၃၀၉)၊ Type (Studio)၊ ဧရိယာ (၃၁၂)စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်နွယ်နွယ်အေး [၁/မကန(နိုင်)၀၁၇၄၉၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ထက်ထွန်း[၁၄/ပသန(နိုင်)၁၇၃၈၀၅] ကိုင်ဆောင်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

---

### အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၁၆၅)ရှိ (၆)ထပ်တိုက် ရင်ကွဲညာဘက်ခြမ်း ဒုတိယထပ် (၁၈.၆'x၅၄') တိုက်ခန်းအား ကန်ထရိုက်တာ (မြရောင်ခြယ်ဆောက်လုပ်ရေးကုမ္ပဏီ) ဦးပိုင်စိုးရကျော် [၁၂/မဂတ(နိုင်)၀၉၅၅၆၁]ထံမှ ဦးပိုင်စိုးမိုး [၁၂/မဂတ(ပြု)၀၀၀၅၄၃]က (၂-၅-၂၀၂၃)နေ့တွင် မြေရှင်၏ခွင့်ပြုချက်နှင့်အညီ တိုက်ခန်းအား လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်းများနှင့် အခြားနည်းလွှဲပြောင်းရောင်းချခြင်းများ မပြုရန် တားမြစ်အပ်ပါသည်။ အကယ်၍ အထက်ပါ ဥပဒေနှင့်မညီသော ဆောင်ရွက်မှုများကျူးလွန်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပိုင်စိုးမိုး ၀၉-၅၀၄၈၀၅၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မို့မို့ကျော် (LLB)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၁၁၉)**
**ဖုန်း- ၀၉-၇၇၇၇၇၃၀၁၉၊ ၀၉-၄၄၅၁၈၅၄၁၈**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တစန္ဒာဝရ မဟာထေရ်(မာန်အောင်)
**သိက္ခာတော်(၄၁)ဝါ၊ သက်တော်(၆၁)နှစ်**
**စိန်ရတနာကျောင်းတိုက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၈)ရပ်ကွက်၊ စိန်ပန်းလမ်း၊ စိန်ရတနာကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ငရုံးတောင်ရွာနေ ဦးရန်လုံးအောင်-ဒေါ်ယဉ်ငယ်တို့၏ သားတော် ဘဒ္ဒန္တစန္ဒာဝရ မဟာထေရ်သည် (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်) ၁၆-၇-၂၀၂၃ (တနင်္ဂနွေနေ့) ညနေ ၃:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၈-၇-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန ပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ
စိန်ရတနာကျောင်း

---

**ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃)၊ မြေကွက်အမှတ် (၁၂၆/၂)၊ ဧရိယာ (၀.၀၈၂)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သင်္ဃန်းကျွန်းမြို့နယ်၊ ၂၃-ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်းသွယ်(၂)၊ အမှတ် (၁၅၃/၂) ဟုခေါ်တွင်သည့် မြေကွက်အဆောက်အအုံအရောင်းဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေကွက်အဆောက်အအုံ၏ တရားဝင် အမည်ပေါက်ပိုင်ရှင် ကွယ်လွန်သူ **ဒေါက်တာဂျီခင်တင့် (AD-၀၂၅၀၃၅) [၁၂/သဃက(နိုင်)၀၁၃၇၃၀]**၏ အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်သော **ဦးထွန်းမြတ်မင်း [၁၂/သဃက(နိုင်) ၀၁၃၂၉၅]**နှင့် **ဒေါ်နော်လှဝင်း [၁၃/နမတ(နိုင်)၀၀၆၇၁၉]**တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁- လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**Tel: 294766 HP: 09-5017044**

---

**"ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဇေယျာသိဒ္ဓိလမ်း၊ မြေကွက်အမှတ်(၃၀၁)ပေါ်တွင်ဆောက်လုပ်ထားသော (၂-ခန်းတွဲ) ၅ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း (၁၂ပေx၅၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်"တို့ကို ဝယ်ယူမည်ဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိပါက**
**"ကန့်ကွက်နိုင်ပါကြောင်း"**

အထက်ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရှိထားဝယ်ယူပိုင်ဆိုင်ပြီး မိမိတစ်ဦးတည်းတွင်သာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ **ဒေါ်ခင်ပြုံးကြည် [၁၂/ဥကတ(နိုင်)၀၃၅၉၃၀]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ LL.B, D.I.L, Dip in Eng**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**09-972734996, 09-791454531**

---

**ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၁၁၀)ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၆-လွှာ၊ တိုက်မျက်နှာမူလျှင် (ဝဲဘက်အခန်း)တိုက်ခန်း(၁)ခန်း အပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း။**

အထက်ဖော်ပြပါတိုက်ခန်းနှင့်အကျိုးခံစားခွင့်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးကျော်ဆွေ (၁၂/ဒဂတ (နိုင်) ၁၄၂၁၆၇)ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝဟီသာ(ခ)ဒေါ်ဟေမာမြင့် (၁၂/ဒလန(နိုင်)၀၇၁၉၀၈)ကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်စန်းစန်းမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၆၄၈၇ )**
**အမှတ် -၅၀၊ ပထမထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄**

---

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ဒေသတွင်း ဆန်ဖူလုံမှုရှိရန်လည်း တစ်ကေချင်း အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ Eating Quality ကောင်းမွန်သည့် အထွက်တိုးစပါးများကိုလည်း စိုက်ပျိုးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ပူတာအိုမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၃ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV – HD Channel၊ MRTV News Channel၊ MWD – HD Channel၊ MWD Variety HD Channel၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ Star FM ၊ ပတ္တမြား FM၊ FM ပုဂံ ၊ ပဥ္စဝတီ FM ၊ မန္တလေး FM ၊ ချယ်ရီ FM၊ ရွှေ FM တို့မှ တိုက်ရိုက်(LIVE)ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ တတိယဆုရ မြန်မာအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၇

ဇူလိုင် ၅ ရက်မှ ၁၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပခဲ့သည့် ၂၀၂၃ အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် တတိယဆုရခဲ့သည့် မြန်မာ ယူ-၁၉ အမျိုးသမီး လူငယ်လက်ရွေးစင်အသင်းသည် ဇူလိုင် ၁၇ ရက် ညပိုင်းက ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ○





ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကို ဘယ်လို သွင်းယူနေစဉ်။

## MNL ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်း နိုင်ပွဲပြန်လည်ရရှိ

ရန်ကုန် ဇူလိုင် ၁၇

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) တတိယနေ့ကို ဇူလိုင် ၁၇ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း နိုင်ပွဲ ပြန်လည်ရရှိခဲ့သည်။

**နိုင်ပွဲပြန်လည်ရယူ**

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့ နောက်ဆုံးပွဲတွင် ဒုတိယနေရာက ရန်ကုန်အသင်းနှင့် သရေကျခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယအကျော့အဖွင့်ပွဲတွင် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ❖

**ယနေ့ ဖတ်စရာ**

**အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ မုန်တိုင်းဝင်ရောက်မှုကြောင့် လေကြောင်းခရီးစဉ် ၁၅၀၀ ကျော် ဖျက်သိမ်း**

စာမျက်နှာ » ၁၃

**မြစ်ငယ်မြို့ မီးရထားဆေးရုံ ဆေးရုံအုပ်ကြီးနှင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ပြီး အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များကို ကျူးလွန်ခဲ့သည့် မြစ်ငယ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅

**PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပါဝင်ဆင်နွှဲခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများအနက် တစ်ဦးသေဆုံး၊ အသက် ၁၀ နှစ်အောက်ကလေးငယ် သုံးဦးအပါအဝင် ၁၁ ဦး ထိခိုက်ဒဏ်ရာရ**

စာမျက်နှာ » ၁၆